ကျေးလက်ဒေသ
ဖွံ့ဖြိုးတိုးတက်ရေးအတွက်

# ချိုတိုက်

ဂျာနယ်

အတွဲ - ၂၂၊ အမှတ် - ၂၁၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်၊ စနေနေ့။

Our Village Journal

## ထူးခြားမြတ်လှသည့် လတန်ဆောင်တိုင်နှင့် ကထိန်အလှူပွဲ




မြန်မာနိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်သဲသဲ စည်ကားလှသည့် အခါသမယဖြစ်သည့် တန်ဆောင်မုန်းလသည် မြန်မာ့ဆယ့်နှစ်လရာသီတွင် အဋ္ဌမမြောက်လဖြစ်ပြီး ထင်ရှားသောပွဲတော်တစ်ခုမှာ ကထိန်သင်္ကန်းကပ်လှူသည့် ကထိန်ပွဲများအား ကျင်းပခြင်းဖြစ်သည်။ တန်ဆောင်မုန်းလတွင် ကြတ္တိကာနက္ခတ်နှင့် ကြယ်တာရာတို့သည် လနှင့်ယှဉ်ကာ ထွန်းလင်းကြပြီး ရာသီအားဖြင့် ဗြိစ္ဆာဟုခေါ်သည်။ ရာသီပန်းမှာ ခဝဲပန်း ဖြစ်သည်။ စာ - ၅ သို့

## မြန်မာ့ရော်ဘာကုန်ကြမ်း ဝယ်ယူရန် ဘယ်လာရုစ် လုပ်ငန်းရှင်များ ကမ်းလှမ်း

စာ - ၆ သို့



## မီးရထားလက်မှတ်များကို Online မှတစ်ဆင့် ရောင်းချပေးနိုင်ရန် စီစဉ်နေ

စာ - ၇ သို့




## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဂျုံသီးနှံ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ချေးငွေထုတ်ချေးမည်

စာ - ၆ သို့

## နိုင်ငံတော်မှပေးထားသည့် ကင်ဆာရောဂါကုထုံးဆေးများကို အပြင်မှ ဝယ်ယူခိုင်းပါက တိုင်ကြားနိုင်

စာ - ၇ သို့

## မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ ခွင့်ပြုထားကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ထုတ်ပြန်

စာ - ၉ သို့



## ရမည်းသင်းမြို့နယ်တွင် ကြက်ဟင်းခါးပင်များ ဖြစ်ထွန်း၍ မိသားစု နေ့စဉ်ဝင်ငွေ အဆင်ပြေ

စာ - ၁၀ သို့






## ဆစ်ပိုးအန္တရာယ် ကြိုတင်ကာကွယ်

**စပါးဆစ်ပိုး** ကျရောက်မှုကို မြန်မာပြည် စပါးစိုက်ပျိုးရာဒေသအနှံ့အပြားတွင် တွေ့ရှိနိုင်ပြီး မိုးစပါးနှင့် နွေစပါး နှစ်မျိုးစလုံးမှာ ကျရောက်လေ့ရှိပါတယ်။ အမြဲမပြတ်ရေလျှံလေ့ရှိတဲ့ ရေနေပတ်ဝန်းကျင်များမှာ တွေ့ရှိနိုင်တာကြောင့် မိုးစပါးတွင် ဖျက်ဆီးမှုများသည့် ဖျက်ပိုးတစ်မျိုးလည်းဖြစ်ပါတယ်။ စပါးပြီးစပါး ဆက်တိုက် စိုက်ပျိုးသောဒေသများမှာ ဖျက်ပိုးကျရောက်မှု ပိုများတတ်ပြီး လက်ခံသီးနှံပင် အမြဲမပြတ်ရှိခြင်း၊ ရာသီဥတုနှင့် ပတ်ဝန်းကျင်အနေအထားပေါ်မူတည်၍ တစ်နှစ်လျှင် မျိုးဆက် နှစ်ဆက်မှ ခြောက်ဆက်အထိ ပွားများနိုင်ပါတယ်။

### *ကျရောက်သည့်အချိန်*

ပျိုးပင်ငယ်အဆင့်မှ ရင့်မှည့်ချိန်အထိ စပါးပင်သက်တမ်းတစ်လျှောက်တွင် ကျရောက်နိုင်ပါတယ်။

### *ဖျက်ဆီးပုံလက္ခဏာများ*

ပင်ပိုင်းကြီးထွားသည့်အဆင့်တွင် ကျရောက်ပါက လောက်ကောင်သည် ပင်စည်အတွင်း ဝင်ရောက်ဖျက်ဆီးမှုကြောင့် စပါးပင်အလယ်ရှိ ခေါင်ညွန့်များ ဝါခြောက်လာပြီး သေသွားသည့် အူပုပ်လက္ခဏာ (Dead heart) ကို တွေ့ရမှာဖြစ်ပါတယ်။ ပင်ခြေတွင်လည်း စားသောက်ဖျက်ဆီးထားသော ပိုးဖောက်ဒဏ်ရာများရှိပြီး ပင်စည်ကို ခွဲကြည့်ပါက ပိုးမစင်နှင့် လောက်ကောင်များကို တွေ့နိုင်ပါတယ်။ အပင်ကို ဆွဲနုတ်ကြည့်ပါကလည်း အရင်းကနေ အလွယ်တကူ နုတ်ယူလို့ရမှာဖြစ်ပါတယ်။ အနှံထွက်သည့်အဆင့်တွင် ကျရောက်ပါက စပါးနှံများခြောက်ကုန်ပြီး အနှံဖြူများ ထောင်မတ်နေသော အနှံဖြူလက္ခဏာ (White ear-head) ကို တွေ့ရမှာဖြစ်ပါတယ်။

### *ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ*

- စပါးဆစ်ပိုးကျရောက်မှုဒဏ်ခံနိုင်ရည်ရှိသော စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးပါ။
- စိုက်ခင်းအတွင်း ပိုးကျရောက်မှုရှိ/မရှိကို အမြဲမပြတ် ကွင်းဆင်းစစ်ဆေးပြီး ဆစ်ပိုးဥမြုံများ တွေ့ရှိပါက လက်ဖြင့် ကောက်ယူဖျက်ဆီးပစ်ပါ။
- ကောက်ကွက်စိပ်စိပ်စိုက်ခြင်းကိုရှောင်ပါ။
- ဖလံများကို စွဲဆောင်ဖမ်းယူရန်အတွက် မီးထောင်ချောက်ထွန်းပါ။
- နိုက်ထရိုဂျင်မြေဩဇာ အလွန်အကျွံသုံးစွဲခြင်းကိုရှောင်ပါ။
- ရွှေ့ပြောင်းစိုက်ပျိုးပြီး (၂၈) ရက်သားမှ စတင်၍ စိုက်ခင်းအတွင်း ဥကပ်ပါးနဂျီ (Trichogramma) လွှတ်ပေးပါ။
- ဓာတုပိုးသတ်ဆေးအနေဖြင့် Carbosulfan 20% EC ပါဝင်သော အမ်-ကာဘိုကို အညွှန်းပါအတိုင်း စနစ်တကျပက်ဖျန်းပေးပါ။




## အမ်-ကာဘို (Carbosulfan 20%EC)

**ထိသေ၊ စားသေနှင့် ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေး**

**အသုံးပြုရန်နှုန်းထား**

စပါး- တစ်ဧကလျှင် (၂၀၀-၃၀၀)စီစီနှုန်းဖြင့် အသုံးပြုနိုင်ပါသည်။

**သတိပြုရမည့်အချက်များ**

- တစ်ရာသီဆေးဖျန်းကြိမ်ရေ သုံးကြိမ်
- ဆေးဖျန်းခြားရက် (၁၄)ရက်
- ဆေးဖျန်းပြီး ပြန်လည်ဝင်ရောက်နိုင်သောကာလ (၂၄)နာရီ
- တစ်ဧကလျှင် ရေ(၂၀)လီတာဝင် ဆေးဖျန်းပုံး ခြောက်ပုံးနှုန်းဖြင့် တွက်ချက်ထားပါသည်။

# မြန်မာ - ရုရှားနှစ်နိုင်ငံကြား အလုပ်သမားစေလွှတ်ရာတွင် အလုပ်သမားအခွင့်အရေးအတွက် MOU ထိုးရန် ပြင်ဆင်နေ

မြန်မာ-ရုရှားနှစ်နိုင်ငံကြား အလုပ်သမားစေလွှတ်ရာတွင် အလုပ်သမားအခွင့်အရေးအတွက် MOU ထိုးရန် ပြင်ဆင်နေကြောင်း မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းနှင့် နီးစပ်သူ တစ်ဦးက ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

ယခုနောက်ပိုင်းတွင် မြန်မာရွှေ့ပြောင်းလုပ်သားများအနေဖြင့် ရုရှားနိုင်ငံသို့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်မှုများရှိနေပြီး ရုရှားရောက် မြန်မာလုပ်သားများ အလုပ်အကိုင်များ အခွင့်အလမ်းများနှင့် အလုပ်သမားဥပဒေများ အပြည့်အဝရရှိရေးတို့အတွက် နှစ်နိုင်ငံကြား နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ရေးအတွက် ကနဦးအစည်းအဝေးများ ကျင်းပကာ ဆွေးနွေးဆောင်ရွက်နေကြောင်း သိရသည်။

“မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံကြား အလုပ်သမား ပို့ဆောင်ရေး MOU ရေးထိုးဖို့ရှိတယ်။ အလုပ်သမားနဲ့ပတ်သက်ပြီး အခွင့်အရေးဆိုင်ရာတွေကို ရရှိနိုင်ဖို့အတွက်ကိုပဲ MOU ထိုးမှာပါ။ **အခု လောလောဆယ် ဝန်ကြီးဌာန နှစ်ခုကြားထဲမှာ အပြန်အလှန် Video Conferencing တွေ လုပ်ပြီးတော့ အပြန်အလှန်ဆွေးနွေးနေကြတယ်။ သိသလောက်ကတော့ နောက်ဆုံး သူတို့ စာပို့ထားတာရှိတယ်။ အစ်မတို့က တိုက်ရိုက်ပြောလို့မရတာအတွက်ကြောင့်မို့ MOFA ကနေ တစ်ဆင့်သွားကြတယ်။ အဲဒီမှာတော့ ဟိုဘက်က တောင်းထားတဲ့အချက်အလက်ကလေးကို ဒီဘက်က ပေးထားတယ်။ အဲဒါပြီးသွားရင် ထိုးဖို့တော့ ရှိပါတယ်။** အလုပ်သမားစေလွှတ်ခြင်းအတွက် နိုင်ငံအချင်းချင်း လက်မှတ်ထိုးတယ်ဆိုတာ ကိုးရီးယားက ပုံစံတစ်မျိုး၊ လာအိုကျတော့ မဖြစ်မနေ အေဂျင်စီခံရတယ်။ အဲဒီလိုပဲ ရုရှားလည်းပဲ အေဂျင်စီခံရတယ်။ အေဂျင်စီတွေခံပြီးသွားတော့ အေဂျင်စီကုန်ကျစရိတ်တွေတော့ရှိတယ်” ဟု မြန်မာ-ရုရှားချစ်ကြည်ရေးအသင်းနှင့် နီးစပ်သူတစ်ဦးက ဒို့ကျေးရွာဂျာနယ်သို့ပြောသည်။

အဆိုပါနားလည်မှုစာချွန်လွှာကို လာမည့်လပိုင်းအတွင်း ရေးထိုးရန် ပြင်ဆင်ဆောင်ရွက်နေကြကြောင်းလည်း သိရသည်။

“ဒီနှစ်ထဲတော့ ထိုးဖို့များတယ်။ ဒီနှစ်မဟုတ်ရင် ပုံမှန်တော့ ရုရှားနဲ့ မြန်မာနဲ့ Joint ကော်မတီအစည်းအဝေးလုပ်တယ်။ အဲဒီအစည်းအဝေးက ဒီနှစ်ကတော့ မော်စကိုမှာ လုပ်မှာပေါ့။ အဲဒီကြားထဲမှာ မှန်းထားတယ်” ဟု ၎င်းက ဆက်လက်ပြောသည်။

ရွှေစင်

# မှတ်ပုံတင်များကို အခကြေးငွေပေး၍ ဓာတ်ပုံရိုက်ယူမှုများ သတိပြုရန်လိုအပ်

အခကြေးငွေပေး၍ မှတ်ပုံတင်ကို ဓာတ်ပုံရိုက်ယူကာ မသမာမှုတွင် အသုံးချခံရသောဖြစ်စဉ်များ များပြားနေပြီး ပြည်သူများအနေဖြင့် သတိပြုရန် လိုအပ်ကြောင်း တရားလွှတ်တော်ရှေ့နေများက သတိပေးပြောဆိုထားသည်။

မှတ်ပုံတင်ကို ဓာတ်ပုံရယူရန်အတွက် အခကြေးငွေ ပေးရာတွင် ၎င်းတို့ပေးသော စျေးနှုန်းအစားစားရှိနေရာ ကျပ်ငါးထောင်မှစတင်၍ သောင်းဂဏန်းအထိရှိကြောင်းနှင့် ထို့နောက် အဆိုပါမှတ်ပုံတင်ကို အသုံးပြုကာ Online Banking အကောင့်ဖွင့်၍ တရားမဝင်အဖွဲ့အစည်းများကို ငွေကြေးထောက်ပံ့ခြင်း၊ အွန်လိုင်းလိမ်လည်မှုအတွက် အသုံးချခြင်းဖြစ်ကြောင်း သိရသည်။

**“ငွေက သောင်းဂဏန်းလောက်နဲ့ပေးပြီး ဓာတ်ပုံရိုက်သွားတယ်။ သိပ်မကြာဘူး။ ရိုက်သွားတဲ့သူက အခြားသူတွေရဲ့အကောင့်ကိုဟက်၊ ဒါမှမဟုတ် Online လိမ်လည်မှုတွေလုပ်ပြီးတော့ အဲဒီကငွေတွေကို အကောင့်ထဲ ပြောင်းထည့်လိုက်တယ်။ ရဲကလိုက်တော့ သူမလုပ်ပါဘူးလို့ဘယ်လောက်ပြင်းပြင်း KPay မှာက သူ့နာမည်နဲ့ သူ့မှတ်ပုံတင်နဲ့ဖြစ်နေတော့ တော်တော်လေး ရှင်းရတာပေါ့။** ဒီလိုအမှုတွေက အခုနောက်ပိုင်း တော်တော်ကို များလာတယ်လို့ပြောလို့ရတယ်” ဟု တရားလွှတ်တော်ရှေ့နေတစ်ဦးက ပြောသည်။

မိတ္ထီလာမြို့နယ်မှ ကျေးရွာ တစ်ရွာတွင်လည်း မှတ်ပုံတင်အရှေ့နှင့် အနောက်ကို ဓာတ်ပုံရိုက်ခွင့်ပြုလျှင် ငွေကျပ် ၅၀၀၀ ပေးမည်ဟု စည်းရုံးသည့်အတွက် လူ ၁၅ ဦးခန့်က သဘောတူခဲ့ရာ အဆိုပါဓာတ်ပုံ အရိုက်ခံသူများအနက် အမျိုးသမီးကြီးတစ်ဦးမှာ တရားမဝင်အဖွဲ့အစည်းကို ငွေကြေးထောက်ပံ့သည်ဟုဆိုကာ တရားစွဲဆိုခံခဲ့ရသော ဖြစ်စဉ်တစ်ခုလည်း မကြာသေးမီကာလက ဖြစ်ပွားခဲ့သေးသည်။ အွန်လိုင်းလိမ်လည်သူများသည် မသိနားမလည်သော ပြည်သူများကို ပစ်မှတ်ထားပြီး အချက်အလက်စုဆောင်းခြင်းမျိုး ရှိလာကြောင်း အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဆောင်ရွက်နေသော အမည်မဖော်လိုသူတစ်ဦးက ဆိုသည်။ “နယ်က လူတွေကို ပစ်မှတ်ထားပြီး ခုနက မှတ်ပုံတင် စုသလိုပေါ့။ နယ်ကလူတွေက မသိတော့ ရယ်တောင် ရယ်နေဦးမှာ။ ငါတို့ မှတ်ပုံတင်ကိုများ ကြုံကြုံဖန်ဖန် ပိုက်ဆံအလကားပေးတယ်ပေါ့။ တကယ်တော့ ဒါက အန္တရာယ်ရှိတယ်ဆိုတာ သိဖို့လိုတယ်။ အယုံမလွယ်ဖို့လိုတယ်။ ပြီးတော့သိရသလောက်အချက်အလက်က ဒီမှာတင် ရပ်မနေဘူး။ သူတို့နာမည်နဲ့ မှတ်ပုံတင်အတုလုပ်ပြီး အသုံးချတာမျိုးလည်း ရှိလာနိုင်တယ်။ ပြီးရင် ဒီအချက်အလက်တွေကို ရောင်းစားတာမျိုးအထိ ဖြစ်နိုင်တယ်။ **ကိုယ့်အချက်အလက်က ပါသွားပြီးရင် ဘယ်ကျမှ ခရီးဆုံးမယ်ဆိုတာ မသိနိုင်ဘူး**” ဟု ၎င်းကဆိုသည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် မိမိတို့၏မှတ်ပုံတင်များကို စနစ်တကျ ထိန်းသိမ်းထားရန် လိုအပ်ပြီး မဆိုစလောက်သော အခကြေးငွေ အနည်းငယ်အတွက် သူတစ်ပါးထံ လွှဲပြောင်းပေးဖို့ခြင်းများ မလုပ်ဆောင်သင့်ကြောင်း ထောက်ပြပြောဆိုမှုများ ရှိနေသည်။

သန့်ပိုင်

# မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်ကို အမြန်ဝန်ဆောင်မှု ပြုလုပ်ပေးနိုင်ရန် တင်ပြထား

မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်ကို ၅ ရက်အတွင်း အမြန်ဝန်ဆောင်မှုလုပ်ငန်း (Express Service) ဖြင့် ပြုလုပ်ပေးနိုင်ရန် တင်ပြထားကြောင်း မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးနှင့် နီးစပ်သူများထံ ဒို့ကျေးရွာဂျာနယ်မှ ဆက်သွယ်မေးမြန်းထားချက်များအရ သိရသည်။

ငွေကြေးတတ်နိုင်၍ နိုင်ငံကူးလက်မှတ်အမြန်လိုအပ်သူများအနေဖြင့် မှန်ကန်သည့် အထောက်အထား အချက်အလက်များဖြင့် ဝက်ဆိုဒ်မှ တစ်ဆင့် QR Code ရယူချိန်တွင် နိုင်ငံတော်ထံ ငွေကျပ် ၅၄၅၀၀၀ တရားဝင်ပေးဆောင်၍ ၅ ရက်အတွင်း ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးများတွင် စာအုပ်ထုတ်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ တင်ပြထားကြောင်း သိရသည်။

**“ဒီနေ့လျှောက် မနက်ဖြန်လာလုပ်လို့ရမယ်။ ၁၄ ရက်ကြာရင် စာအုပ်ထုတ်ပေးတာပေါ့။ Express Service ဒီနေ့လျှောက် မနက်ဖြန်လာလုပ်လို့ရမယ်။ ငါးရက်ကြာရင် စာအုပ်ထုတ်ပေးနိုင်အောင် လုပ်ပေးမှာပေါ့။** အွန်လိုင်းကနေ QR လျှောက်တဲ့အခါမှာ တစ်ခါတည်း သွင်းလိုက်ရမှာပေါ့။ တစ်ခါတည်း သွင်းရင် အဲဒီကနေ QR ကျလာရင် ကျွန်တော်တို့ဆီမှာ တစ်ခါတည်းလာလုပ်ရုံပဲ။ အခြားဘာဝန်ဆောင်မှုကြေးမှ ပေးစရာမလိုဘူး။ အတိအလင်းလုပ်ပေးလိုက်မှာပေါ့။ အထောက်အထားမှန်ကန်ရင် အမြန်ဆုံးပေါ့ ငါးရက်လောက်နဲ့အပြီး စာအုပ်ဖြစ်အောင် လုပ်ပေးမှာပေါ့” ဟု မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးနှင့် နီးစပ်သူတစ်ဦးက ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

အဆိုပါ အမြန်ဝန်ဆောင်မှုလုပ်ငန်းကို သက်ဆိုင်ရာဌာနများမှ အတည်ပြုပြီးမှသာ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကာ အဆိုပါ အမြန်ဝန်ဆောင်မှုလုပ်ငန်းအတွက် ငွေပေးချေရာတွင် K Pay၊ Wave Pay၊ AYA Pay၊ A Plus တို့ဖြင့် ပေးချေနိုင်ရန် စီစဉ်ထားကြောင်းလည်း သိရသည်။

**“ညွှန်ကြားချက် ကျလာရင် စပြီး အကောင်အထည်ဖော်မှာပါ။ လောလောဆယ်တော့ သေချာပြောလို့ မရသေးဘူး။”** ဟု ၎င်းကဆက်လက်ပြောသည်။

ရွှေစင်

# အင်းဝမြို့ရှိ သမိုင်းဝင် မဟာဇေယျပထတံတားကြီးကို ရှေးမူမပျက်ထိန်းသိမ်းနေ

၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်းနှင့် ၂၀၂၅ ခုနှစ် မန္တလေးငလျင်ကြီးဒဏ်တို့ကို ခံခဲ့ရသည့် အင်းဝမြို့ရှိ သမိုင်းဝင် မဟာဇေယျပထတံတားကြီးကို ရှေးမူမပျက် ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

အဆိုပါတံတားသည် အင်းဝမြို့ တောင်ဘက် ဟံသာဝတီခါးမှ တံတားဦးမြို့ မင်္ဂလာစေတီထိ တစ်မိုင်ခန့် ရှည်လျားကာ ပထမအင်းဝခေတ် ဘုရင်မင်းဆွေ (ခ) ပထမမင်းခေါင်က သစ်သားတံတားအဖြစ် စတင်ဆောက်လုပ်ခဲ့ပြီး စစ်ကိုင်းမင်းလက်ထက်တွင် နန်းမတော် မယ်နု၏မောင် စလင်းမြို့စား ဦးအိုက ပြုပြင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

**“အခု အဲဒါကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ထပ်ခိုးအလွှာတွေ ဖုံးအုပ်နေတဲ့ တံတားကို ပြန်လည်ဖယ်ပြီးတော့ တံတားအတွင်း အခင်းတွေကို ပြန်ပြီးတော့ခင်းမှာပါ။ ခင်းပြီးတဲ့အခါမှာ ဘေးနံရံတွေ၊ အုတ်လက်ရန်းတွေ ပေါ်လာတဲ့အထိ ရှေးဟောင်းအထောက်အထားတွေကိုပြန်လည်ပြီးတော့ ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်သွားမှာပါ**”ဟု ၎င်းက ပြောသည်။

ထို့ပြင် တံတားပျက်စီးရသည့် အကြောင်းအရင်းများတွင် သဘာဝဘေးအန္တရာယ်အပြင် သုံးတန်အထက် ကားကြီးများ ဝင်ရောက်ဖြတ်သန်းခြင်း၊ အိမ်ဆောက်ပစ္စည်းများကို မဆင်မခြင် ပစ်ချခြင်းများလည်း ပါဝင်ကြောင်း သိရသည်။



“ဖြတ်သန်းခွင့်ကတော့ပြုပါတယ်။ ကြီးမားတဲ့ယာဉ်တွေကို ကန့်သတ်ရတာပေါ့။ တန်သုံးတန်အထက် ယာဉ်ကြီးတွေ မဝင်ရ စသဖြင့် ဒါတွေတော့ လုပ်ရမှာပေါ့။ နှစ်စဉ် ထပ်ထပ်ပြီး ခင်းတဲ့ဟာတွေက မြင့်မြင့်လာတော့ မူလရဲ့ လက်ရာ အမွေအနှစ်တွေက အောက်ထဲပါပြီး ပျောက်ကွယ်သွားတာပေါ့။ အဲဒါလေးပြန်လည်ဖော်ပြီးတော့ ပြန်ခင်းပြီးတော့ သွားလို့ရအောင်လုပ်မှာပါ”ဟု ၎င်းကဆက်လက်ပြောသည်။

အဆိုပါတံတားကြီး ရှေးမူမပျက် ထိန်းသိမ်းရေးလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက အောက်တိုဘာလ ဆန်းပိုင်းကစတင်ကာ ဆောင်ရွက်နေပြီး သတ်မှတ်ကာလအားဖြင့် ခြောက်လခန့် ကြာမြင့်နိုင်ကြောင်း သိရသည်။ ချိုဇင်

# နေကြာစိုက်ပျိုးခြင်းဖြင့် ပြည်တွင်းဆီလိုအပ်မှု ဖြည့်ဆည်းပေးနိုင်မည်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်သောနိုင်ငံဖြစ်ပြီး နိုင်ငံရှိလူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြလျက် ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြများတွင် နေထိုင်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့အတူ နိုင်ငံအတွင်းရှိ လူဦးရေအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်နေကြသူများဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့စီးပွားရေးမြင့်မားတိုးတက်လာပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝများလည်း မြင့်မားလာမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် တောင်သူအများစု မှီတင်းနေထိုင်ကြသည့် ကျေးလက်ဒေသများတွင် ကျေးလက်စီးပွားရေးကို မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်မြင့်မားလာပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ အလားတူ သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမြေတိုးချဲ့ခြင်းထက် ရှိပြီးသားစိုက်ပျိုးမြေများပေါ်တွင် တစ်ဧကသီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းသည်လည်း နိုင်ငံ့စီးပွားတိုးတက်စေရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်က ပြည်တွင်းစားသုံးဆီဖူလုံစေရေးအတွက် နေကြာတိုးချဲ့စိုက်ပျိုးခြင်းအပြင် ကော်ဖီတိုးချဲ့စိုက်ပျိုးရေးအတွက် စိုက်ဧကများ တိုးချဲ့ခွင့်ပြုပေးထားလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းဆီဖူလုံမှုအတွက် လိုအပ်ချက်များရှိနေသောကြောင့် ပြည်ပမှ စားသုံးဆီတင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ အပိုကုန်ကျမှုများရှိနေသည်။ ထို့ကြောင့် နေကြာဆီသီးနှံ တိုးချဲ့စိုက်ပျိုးခြင်းကို အားပေးမြှင့်တင်ပေးလျက်ရှိပြီး နေကြာစိုက်ပျိုးခြင်းဖြင့် ပြည်တွင်းဆီလိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သလို ပြည်ပမှ စားသုံးဆီတင်သွင်းမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ ကျေးလက်တောင်သူများအတွက် တစ်ဧကပန်းတိုင်အထွက်နှုန်းများ တိုးတက်စေရေး ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ စိုက်ပျိုးမြေများ ကောင်းမွန်လာစေရေး၊ လိုအပ်သည့် မြေဩဇာများ ထည့်သွင်းခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေး၊ စိုက်ပျိုးရေကို အကျိုးရှိစွာအသုံးချရန်နှင့် နည်းစနစ်တကျဆောင်ရွက်ရန် လိုအပ်သော နည်းပညာအကူအညီများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းကဲ့သို့ နိုင်ငံတော်က ကျေးလက်တောင်သူများအတွက် ကူညီလျက်ရှိသလို စိုက်ပျိုးသူ တောင်သူများကလည်း အားကြိုးမာန်တက် လုပ်ကိုင်ကြမည်ဆိုလျှင် သီးနှံအထွက်နှုန်း ရည်မှန်းချက် ပြည့်မီနိုင်မည်ဖြစ်သည်။

**၁၃၈၇ ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့။** **စာတည်းမှူး**

ဂျာနယ်

**ထုတ်ဝေသူ**
ဦးကျော်ဇင်စိုး
မှတ်ပုံတင်အမှတ်(၀၀၈၁၅)
**ပုံနှိပ်ခြင်း**
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
**စာတည်းမှူး**
အောင်ဇော်ဦး
**စာတည်းများ**
စန္ဒာချစ်၊ စန္ဒာငွေး၊ ခင်မာဝေ
ကျော်တင့်(ရွှေခရမ်း)၊
ကိုဘုန်း
**လိုဂိုစာလုံးဒီဇိုင်း**
ပန်းချီတင်ထွဏ်း
**မျက်နှာဖုံးဒီဇိုင်း**
ဝေဝေဖြိုးအောင်
**အတွင်းသရုပ်ဖော်**
လှထွဋ်ဦး၊
ကျိုက်လတ်ဘသဏ်း၊
ရွှေကိုဦး၊ စိုးစံ
**ကွန်ပျူတာအဖွဲ့**
ဝေဝေဖြိုးအောင်၊ ခိုင်သဇင်
**ဆက်သွယ်ရန်**
အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁၈-၃၈၄၈၁၃/ ၃၇၁၃၄၀
E-mail: iprd.productionn@gmail.com
Facebook: DKY Journal
စောင်ရေ - ၁၉၆၇၁
၄၅၀ ကျပ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF"terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၅) ထွက်ပြီ




ပြည်သူများ အသိဉာဏ်ဗဟုသုတပြည့်စုံစေရန်၊ မြန်မာလူငယ်လူလတ်များ ပညာစွမ်းရည် ပြည့်ဝစေရန်၊ ဝင်ခွင့်စာမေးပွဲများဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်နှင့် သိလိုသည့် အချက်အလက်များကို တစ်စုတစ်စည်းတည်း ရှာဖွေသိရှိနိုင်စေရန် ရည်ရွယ်၍ **"သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၅)"** စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ပါပြီ။ စာအုပ်တွင် -

- ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များ
- နိုင်ငံတကာရေးရာသိမှတ်ဖွယ်ရာများ၊
- မြန်မာရေးရာသိမှတ်ဖွယ်ရာများ၊
- သံတမန်ဆိုင်ရာသိမှတ်ဖွယ်ရာများ၊
- အထွေထွေသိမှတ်ဖွယ်ရာများ၊
- ၂၀၂၅ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
- မြန်မာနိုင်ငံတွင် ပြင်းထန်စွာလှုပ်ခတ်ခဲ့သော မြေငလျင်ကြီးများ
- နိုင်ငံတကာ ပဋိပက္ခဖြစ်ပွားမှု မှတ်တမ်းအကျဉ်း
- နိုင်ငံ့ဝန်ထမ်း လျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ၊
- ကျန်းမာရေးဆိုင်ရာသိမှတ်ဖွယ်ရာများနှင့် ရာထူးဝင်စာမေးပွဲများဖြေဆိုရာတွင် အထောက်အကူပြုမည့်အချက်အလက်များ ပြည့်စုံစွာဖော်ပြထားပါသည်။

အိမ်တိုင်းရှိရမည့် စာအုပ်
လူတိုင်းသိရမည့်အချက်များ
သတင်းခေတ်၊ ပညာခေတ်မှာ
လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်အောင်
စုဆောင်းထားသည့်
**"သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ"** စာအုပ်။

- **ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ နေပြည်တော်။ ဖုန်း - ၀၆၇ ၃ ၄၁၂၃၇၁၊ ၀၆၇ ၃ ၄၁၂၅၅၃၊ ရန်ကုန်၊ ၀၁ ၈ ၃၈၄၈၁၃၊ ၀၁ ၈ ၃၇၁၃၄၂။**
- **အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ။**
- **စာပေဗိမာန်စာအုပ်အရောင်းဆိုင်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်။**

## ထူးမြတ်လှသည့် လတန်ဆောင်တိုင်နှင့် ကထိန်အလှူပွဲ

မျက်နှာဖုံးမှ



ဓာတ်ပုံ – IPRD

ရာသီရပ်မှာ ကင်းမြီးကောက်ရပ် ဖြစ်သည်။ ပုဂံခေတ် ကျောက်စာတွင် တန်ဆောင်မှုန် (တန်ဆောင်မှုန်း) ဟု ရေးထိုးရာမှ အင်းဝခေတ်တွင် တန်ဆောင်မုန်း/တန်းဆောင်မုန်းဟု ရေးကြောင်း မှတ်သားရသည်။ တန်ဆောင်မှာ မီးရှူး၊ မီးတိုင်၊ ဆီမီးဟု အဓိပ္ပာယ်ရပြီး မှုန်း၏ အနက်ဖွင့်ဆိုချက်များမှာ "တောက်ပစေသည်" ဟူသော အနက်ကိုယူ၍ ဆီမီးတောက်ပစေသောလ၊ ဆီမီးထွန်းညှိသောလ ဖြစ်ပေသည်။

တန်ဆောင်မုန်းလ ရောက်ပြီဆိုလျှင် ပွဲတော်များစွာ ကျင်းပလေ့ရှိကြသည်။ အထူးသဖြင့် ကထိန်သင်္ကန်းဆပ်ကပ်လှူဒါန်းပွဲ၊ မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းပွဲ၊ ဆီမီးထွန်းပွဲတော်၊ မီးပုံးပျံပွဲတော်၊ နိဗ္ဗာန်ဈေးပွဲတော်၊ ကျီးမနိုးပွဲတော်၊ မဲဇလီဖူးသုပ်ဝေငှသောပွဲတော်၊ ပုံ့သကူပွဲတော်များကို ကျင်းပလေ့ရှိကြသည်။

ထိုပွဲတော်များစွာရှိသည့်အပြင် တန်ဆောင်မုန်းလပြည့်နေ့သည် သာမညဖလအခါတော်နေ့လည်း ဖြစ်ပါသည်။ ထိုပွဲတော်အားလုံးကို လွှမ်းခြုံကြည့်မည်ဆိုလျှင် အလှူအတန်းနှင့် ဆက်နွှယ်လျက်ရှိပါသည်။ နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့ရောက်ပါက အလှူအတန်း ပွဲတော်များအတွက် တူညီသော စိတ်စေတနာများဖြင့် ကောင်းမှုကုသိုလ်များကို ပြုလုပ်လေ့ရှိကြသည်။ မြန်မာလူမျိုးတို့သည် လအလိုက် ရာသီပွဲတော်များကို ကျင်းပကြပြီး အလှူအတန်းပြုလုပ်ကြသည့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း ထိန်းသိမ်းကြသူများ ဖြစ်ပါသည်။

တန်ဆောင်မုန်းလပြည့်နေ့သည် သာမညဖလ အခါတော်နေ့ဖြစ်သည်။ သာမညသည် ရသေ့၊ ရဟန်းပြုလုပ်ခြင်းဟု အနက်အဓိပ္ပာယ်ရရှိသည်။ ဖလသည် အကျိုးကျေးဇူးပင်ဖြစ်သည်။ ဆိုလိုသည်မှာ သာမညဖလသည် ရသေ့ ရဟန်းပြုလုပ်ရခြင်း၏ အကျိုးကျေးဇူးဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ သုံးလောကထွတ်ထား ဗုဒ္ဓမြတ်စွာဘုရားရှင်သည် တန်ဆောင်မုန်းလပြည့်ညတွင် အဇာတသတ်မင်းကြီးကို သာမညဖလသုတ္တန်ဒေသနာတော်(ရဟန်းပြုခြင်းအကျိုး)ကို ဟောကြားတော်မူခဲ့သည်။ အဇာတသတ်မင်းသည် ထိုသုတ္တန်ဒေသနာတော်ကြီးကို ကြားရပြီးနောက် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သည့် ဥပါသကာအဖြစ်သို့ ရောက်ရှိခဲ့သည်။

ထိုအခါ ဖခင်ဘုရင် ဗိမ္ဗိသာရမင်းကြီးအပေါ် ကျူးလွန်ခဲ့သည့် ပြစ်မှုများကြောင့် အိပ်မပျော်စားမဝင်ဖြစ်နေသော အဇာတသတ်မင်းသား၏ ရောဂါဝေဒနာများ ချုပ်ငြိမ်းသွားခြင်း၊ မြတ်စွာဘုရားရှင်၏ဒေသနာတော်ကို အသက်ပေးကြည်ညိုသူဖြစ်လာခြင်း၊ မဟာအဝီစိငရဲသို့ မကျရောက်တော့ဘဲ လောဟကုမ္ဘီငရဲ၌သာ ကျရောက်ခြင်း၊ နောင်အခါ ဝိဇိတာဝီအမည်ဖြင့် ပစ္စေကဗုဒ္ဓါဖြစ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုရမည့်ပုဂ္ဂိုလ်ဖြစ်ခြင်း စသည့်အကျိုးတရားများ ခံစားရသည်ကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့အဖြစ် သတ်မှတ် ကျင်းပလာခြင်းဖြစ်သည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့ ရောက်လျှင် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများတွင် သာမညဖလသုတ္တန်ကို ရွတ်ဖတ်ပူဇော်ကြသည်။

အဇာတသတ်မင်းသည် သာမညဖလသုတ္တန်ဒေသနာ(ရဟန်းပြုခြင်းအကျိုး) နာကြားရခြင်း အကျိုးအားကြောင့်ရတနာသုံးပါးကိုအလွန်ကြည်ညိုဆည်းကပ်သည့် ဥပါသကာအဖြစ် ရောက်ရှိခဲ့သည်။ သာသနာပြုမင်းတစ်ပါးဖြစ်လာသည်။ ထိုတရားဒေသနာကို တန်ဆောင်မုန်းလပြည့်နေ့တွင် စေတီဘုရားကျောင်းကန်၊ နေအိမ်များတွင် ရွတ်ဖတ်ပူဇော် ပွားများကြလေသည်။

ရဟန်းတို့အမှူးပြုရာတွင် ရဟန်းတော်သည် မြတ်စွာဘုရား၏ တရားတော်ကို ဟောကြားဝေငှသော ပုဂ္ဂိုလ်ဖြစ်၏။ ဘုရား၊ တရား၊ သံဃာသည် ရတနာသုံးပါးမည်၏။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့အား ကိုးကွယ်ရာအဖြစ် ယုံကြည်ဆည်းကပ်မှုကို "သရဏဂုံ"ဟု ခေါ်သည်။ ဗုဒ္ဓဘာသာဝင်မှန်လျှင် သရဏဂုံတည်ရမည်ဖြစ်သည်။ သရဏဂုံတည်ရန်အတွက် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ် ယုံကြည်အားထားမှု(သဒ္ဒါ) ရှိရမည်ဖြစ်သည်။

တန်ဆောင်မုန်းလ အခါသမယတွင် အထွတ်အမြတ်ထားရှိ၍ လှူဒါန်းမှုပြုသည့် ပွဲတော်မှာ ကထိန်သင်္ကန်းကပ်လှူခြင်းပွဲတော်ဖြစ်သည်။ ကထိန်သင်္ကန်းကပ်လှူခြင်း ဖြစ်ပေါ်လာရခြင်းမှာ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ရဟန်းတစ်ပါးလျှင် သင်္ကန်းသုံးထည်ထက်မပိုရဟု သတ်မှတ်ပညတ်ခဲ့သည်။ အခါတစ်ပါး၌ ပါဝေယျတိုင်းသား ဘဒ္ဒဝဂ္ဂီညီနောင်တို့သည် ရဟန်းသုံးကျိပ်တို့အား အကြောင်းပြု၍ ကထိန်ခင်းခွင့် ပြုခဲ့ခြင်းဖြစ်သည်။ အဆိုပါ ရဟန်းသုံးကျိပ်တို့သည် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ဖူးမြော်နိုင်ရန်အတွက် ကုန်းအတန်တန်၊ ရေအထပ်ထပ်၊ တောင်အသွယ်သွယ်တို့ကို ကျော်ဖြတ်ခရီးနှင်ခဲ့ရာ ပါလာသည့် သင်္ကန်းတို့မှာ ပျက်စီးညစ်နွမ်းကြရ၏။

သို့အတွက် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရဟန်းသံဃာတို့အား ကထိန်သင်္ကန်း ကပ်လှူခြင်းအမှုကို ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်သည်။ ထိုမှစ၍ နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အတွင်း ကထိန်သင်္ကန်းကပ်လှူခြင်းအမှုကိုပြုလုပ်ကြ၍ ကုသိုလ်ယူခဲ့ကြသည်။ ကထိန်ခင်းရန် ခွင့်ပြုထားရှိသည့် သင်္ကန်းမှာကား နှစ်ထပ်သင်္ကန်းကြီး၊ ကိုယ်ဝတ်ဧကသီနှင့် ခါးဝတ်သင်းပိုင်တို့ဖြစ်သည်။ ယင်းတို့အနက်မှ တစ်မျိုးပါလျှင် ကထိန်အလှူမြောက်သည်ဟု ဆိုနိုင်ပါသည်။

ရှေးယခင်မှယခုတိုင် တန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်း၊ မသိုးသင်္ကန်း၊ ပုံ့သကူသင်္ကန်းနှင့် ကြာသင်္ကန်းတို့ကို ကပ်လှူပူဇော်လေ့ရှိကြသည်။ ကထိန်ဟူသည့် ဝေါဟာရမှာ ကထိနဟူသော ပါဠိကို မြန်မာမှုပြုထားခြင်းပင်ဖြစ်သည်။ ကထိန်ခင်းခြင်း အလှူပွဲသည် ခေတ်ကာလ ပြောင်းလဲလာသည်နှင့် အမျှ ယခုအခါတွင် ကထိန်ပွဲကိုပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ကျင်းပလာကြသည်။ တတ်နိုင်သူတို့က တစ်ဦးချင်းပုဂ္ဂလိက ကထိန်ပွဲ၊ စုပေါင်းလှူဒါန်းမှုပြုကြလျှင် စုပေါင်းဘုံကထိန်၊ ကြိုတင်စီစဉ်ထားခြင်းမရှိဘဲ ကထိန်မခင်းရသေးကြောင်း တွေ့ရှိရသည်။ ဘုန်းတော်ကြီးကျောင်းအား လှူဒါန်းခြင်းကို မိုးပေါ်ကျကထိန်ဟူ၍ ကျင်းပကြသည်။ ကထိန်အလှူသည် အကျိုးတရားများစွာ ရရှိခံစားနိုင်ကြမည်ဖြစ်သည်။

မသိုးသင်္ကန်း ရက်လုပ်ဆက်ကပ်လှူဒါန်းပွဲသည် မြတ်စွာဘုရားရှင်လက်ထက်တော်ကတည်းကပင် ရှိခဲ့သည်။ မိထွေးတော်ဂေါတမီ အမှူးပြုသည့် နန်းတွင်းသူများသည် ဝါဂွမ်းမှအစ ချည်ငင်ဆေးဆိုး၍ ရက်ကန်းစင်တွင် ရက်လုပ် သင်္ကန်းချုပ်ခြင်းလုပ်ငန်းကို ညချင်းအပြီး ဆောင်ရွက်ခဲ့ကြသည်။ နံနက် ၅ နာရီမထိုးမီ မြတ်ဗုဒ္ဓဘုရားရှင်အား မသိုးသင်္ကန်း (ကထိန်သင်္ကန်း) ဆက်ကပ်လှူဒါန်းမှုကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါသည်။ ထိုအလေ့အထသည် မျက်မှောက်ကာလအထိ ဆက်လက်ရှင်သန်နေဆဲပင်ဖြစ်သည်။

နှစ်စဉ်တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်၊ စွယ်တော်မြတ်စေတီတော် အပါအဝင် အနယ်နယ်အရပ်ရပ်ရှိ တန်ခိုးကြီးဘုရားများတွင် ရက်ကန်းစင်များဖြင့် စည်ကားလျက်ရှိပြီး မြတ်ဗုဒ္ဓအား ကပ်လှူရန်အတွက် မသိုးသင်္ကန်းရက်လုပ်ခြင်းကို ပြုလုပ်ကြသည်။ မသိုးသင်္ကန်းရက်လုပ်ခြင်းကို အသင်းအဖွဲ့များဖြင့် အပြိုင်အဆိုင် မိုးမလင်းမီ အပြီးရက်လုပ်ကြရသည်။ နေ့ကူးသွားလျှင် ရက်လုပ်ထားသော ထိုသင်္ကန်းသည် မသိုးသင်္ကန်းဟူ၍ မရနိုင်ခြင်းကြောင့် ရက်ကန်းရက်လုပ်သည့် လုပျိုဖြူလေးများသည် ချွေးတလုံးလုံးဖြင့် တစ်ညတာလုံး မမောမပန်း ရက်လုပ်ကြရသည်။ ထိုလုပ်အားဒါနအတွက် ကုသိုလ်အကျိုးတရားများများစွာရရှိနိုင်မည်ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်ညသည် နက္ခတ်တာရာများစုံသည့်ည ဖြစ်သည်။ ဆေးပေါင်းခသည့်ညဟု ယုံကြည်ကြသည်။ တန်ဆောင်မုန်းလပြည့်ညတွင် မဲဇလီပင်၏ အရွက်၊ အသီး၊ အပွင့်တို့ကို ဆေးအဖြစ် စားသုံးကြသည်။ လှူဒါန်းကုသိုလ်ယူကြသည်။ တန်ဆောင်မုန်းလပြည့်နေ့သည် စောရနက္ခတ်ထွန်းလင်းချိန်ကို အစွဲပြု၍ လူငယ်များက ကျီးမနိုးပွဲကို အပျော်သဘောဖြင့် လုပ်ဆောင်ကြသည်။ ကျီးမနိုးပွဲသည် အိမ်တစ်အိမ်မှ ပစ္စည်းကို ပိုင်ရှင်မသိအောင် ရယူ၍ နောက်အိမ်တစ်အိမ်သို့ ပြောင်းရွှေ့ဝှက်ထားကြခြင်းပင်ဖြစ်သည်။

ပုံ့သကူလှူဒါန်းခြင်း မီးပုံးပျံလွှတ်တင်ခြင်းများကိုလည်း ဆောင်ရွက်ကြသည်။ မီးပုံးပျံများကို တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်မြတ်အားရည်မှန်း၍ လွှတ်တင်ပူဇော်ကြခြင်းဖြစ်ပါသည်။ ဖုံးတုံးလုံးတုံး တန်ဆောင်မုန်းဟုအဆိုရှိသည့် တန်ဆောင်မုန်းလသည် တောင်သူလယ်သမား ဦးကြီးများ၏ စိုက်ပျိုးထားရှိသော စပါးပင်မှ စပါးစေ့များ အဖုံးမပွင့်တပွင့်ဖြင့် နို့ရည်ပြည့်ဝနေရာ အဆီအနှစ်ခံနေကြသော စပါးနှံတို့သည် အောင်မြင်စွာ ဦးခိုက်နေသည့် လရာသီလည်း ဖြစ်ပါသည်။

တန်ဆောင်မုန်းလသည် ထူးမြတ်သော မင်္ဂလာအပေါင်းတို့ဖြင့် ပြည့်စုံသော လရာသီဖြစ်ပါသည်။ တန်ဆောင်မုန်းလပြည့်ညတွင် မြတ်ဗုဒ္ဓသည် အဇာတသတ်မင်းကြီးအား သာမညဖလသုတ္တန် ဒေသနာတော်(ရဟန်းပြုခြင်းအကျိုး)ကို ဟောကြားတော်မူခဲ့ပါသည်။ ထို့အပြင် တန်ဆောင်မုန်းလတွင် မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတော်၊ ဆီမီးထွန်းပွဲတော်၊ မဲဇလီဖူးသုပ် ဝေငှသောပွဲတော်၊ ပုံ့သကူပွဲတော်များဖြင့် ထူးခြား လေးနက်လျက်ရှိပါသည်။ တန်ဆောင်မုန်းလနှင့် တန်ဆောင်တိုင်ပွဲတော်ကာလများတွင် လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးကို ရှေးရှုလျက် မြတ်သောကထိန်သင်္ကန်း ကပ်လှူခြင်းနှင့် မြတ်သောအလှူဒါနများကို ကုသိုလ်ပြုနိုင်ကြသူများဖြစ်စေရန် ရည်သန်၍ တိုက်တွန်းရေးသားလိုက်ရပါတော့သည်။ ***သီရိသော်***

အတွဲ(၂၂)၊ အမှတ်(၂၁)၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် ဒို့ကျေးရွာ ဂျာနယ်

# တရုတ်နိုင်ငံသို့ မျှစ်ပြုတ်တင်ပို့ရန် ညှိနှိုင်းနေပြီး ဝယ်လိုအားရှိနေ

တရုတ်သို့ မျှစ်ပြုတ်တင်ပို့ရန် ညှိနှိုင်းနေပြီး ဝယ်လိုအားရှိသော်လည်း ဝါးပင်များ မပျက်စီးစေရန် ၇၀ ရာခိုင်နှုန်းကိုသာ တင်ပို့မည်ဖြစ်ကြောင်း မျှစ်နှင့် ဝါးစိုက်ပျိုးထုတ်လုပ်သူအသင်း ဥက္ကဋ္ဌ ဦးသူရိန်ထွန်းထံ ဒို့ကျေးရွာဂျာနယ်မှ ဆက်သွယ်မေးမြန်းထားချက်များအရ သိရသည်။

မျှစ်ပြုတ်ကို တရုတ်သို့ တင်ပို့နိုင်ရေးအတွက် တရုတ်နိုင်ငံဘက်မှ ကိုယ်စားလှယ်များ လာရောက်စဉ်က ဝါးပိုးမျှစ်ပြုတ်နှင့် မျှင်မျှစ်ပြုတ်အပါအဝင် မျှစ်ပြုတ် ၅ မျိုးကို နမူနာအဖြစ်ပြသခဲ့ကြောင်း သိရသည်။

"တစ်မျိုးကို အချိန် ၁၀ စီ ပေးလိုက်ပါတယ်။ အဲဒီထဲက ရွေးပြီးပြန်ပြောမယ်လို့ပြောပါတယ်။ အခုတော့ အကြောင်းမပြန်သေးဘူး။ ကျွန်တော်တို့အထင်ကတော့ မျှင်မျှစ်ကို ပိုပြီးတော့ အားသာတယ်။ သူတို့သဘောကျတာလည်း အနီရောင်ကိုပိုပြီးသဘောကျတာ။ လာတဲ့ကိုယ်စားလှယ်အဖွဲ့ကို သူတို့ရှေ့မှာတင် မျှစ်ကို ချိုးပြတယ်။ ချိုးပြီး ပြုတ်ပြတယ်။ ရေလည်း ဒီအတိုင်းပဲ။ အဲဒီမှာ ကာလာတက်လာတာ မျှင်မျှစ်ရဲ့ သဘာဝလေ။ အဲဒါလေး လုပ်ပြတော့ သဘောကျသွားတယ်။ အကုန်စစ်ပြီးရင်တော့ ပြန်လာမှာပေါ့။ သူတို့မျက်စိရှေ့တင် နှိုင်းယှဉ်ပြီးတော့ ပြုတ်ပြလိုက်တယ်။ အဲဒီအချိန် မျှင်မျှစ်ကတော့ ကာလာလေးက အရဲရောင်ဖြစ်သွားတော့ ဒါကို သဘောကျတဲ့ပုံစံပြောသွားတယ်" ဟု ဦးသူရိန်ထွန်းက ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

လက်ရှိတွင် မျှစ်ပြုတ်တင်ပို့ရန် ညှိနှိုင်းနေဆဲသာဖြစ်ပြီး တရုတ်နိုင်ငံဘက်မှ မျှင်မျှစ်ပြုတ်ကို ပိုမိုစိတ်ဝင်စားနေပြီး တန်ချိန်အများအပြား ဝယ်လိုအားရှိနိုင်ကြောင်းလည်း ဦးသူရိန်ထွန်းက ခန့်မှန်းထားသည်။

"မျှစ်အစိုတင်သွင်းဖို့အတွက် နန်နင်းကနေပြီးတော့ လာရောက်ညှိနှိုင်းဖို့ရှိပါတယ်။ ညှိနေတာ မပြီးသေးဘူး။ ကျွန်တော်တို့ကတော့ ငါးနှစ်စာချုပ်ချုပ်ပြီး တင်ပို့မှာပေါ့နော်။ သူတို့ဆီကလည်း ကိုယ်စားလှယ်ပဲ လာသေးတယ်။ လုပ်ငန်းရှင် ဆင်းလာဖို့ရှိတယ်။ သူ ဘာကိုလိုချင်တာလဲ မသိသေးဘူး။ သူတို့လိုချင်တာကို ကိုယ့်ဘက်က ကုန်ချိန် ဘယ်လောက်ပို့နိုင်မလဲ ကြည့်ရမှာပေါ့။ **သူတို့ကတော့ များများစားစားလိုချင်တာ။ တန်ချိန်များတယ်။ ကျွန်တော်တို့ဆီက ပို့နိုင်မယ့်အမျိုးအစားနဲ့ အရည်အသွေးကို ပြန်စစ်ဦးမယ်လို့လည်း ပြောတယ်။ တန်ချိန်အများကြီးမှာလို့ ဈေးကိုက်ရင်လည်း ဝါးပင်အများကြီး ဆုံးရှုံးမှာကို ကျွန်တော်စိုးရိမ်တယ်။ ချိန်ဆပြီးတော့ သူတို့သာ တန်ချိန် (၁၀၀) မှာမယ်ဆိုရင် (၁၀၀) ပို့နိုင်တယ်။ ဒါပေမဲ့ (၇၀)လောက်ပဲ ပို့မယ်။** ဈေးကောင်းရလို့ ရောင်းကြရင် သဘာဝကို ထိန်းကြမှာ မဟုတ်တော့ဘူး။ အဲဒါလေးလည်း စိုးရိမ်တယ်။ သူတို့မှာတာရဲ့ (၇၀) ရာခိုင်နှုန်းလောက်ပဲ ပို့မှာ" ဟု ၎င်းက ဆက်ပြောသည်။

*ရွှေစင်*



# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဂျုံသီးနှံ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ချေးငွေထုတ်ချေးမည်



ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဂျုံသီးနှံအတွက် ချေးငွေထုတ်ချေးပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသောအချက်အလက်များအရ သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိတောင်သူလယ်သမားဦးကြီးများသို့ စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိပြီး တောင်သူလယ်သမားကြီးများကလည်း သီးနှံပေါ်ချိန်တွင် ချေးငွေများ အချိန်မီပြန်လည်ပေးဆပ်ခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်နှင့် တောင်သူဦးကြီးများအကြား နှစ်ဦးနှစ်ဖက် တာဝန်ကျေပွန်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် စပါးသီးနှံအပါအဝင် သီးနှံ ၂၃ မျိုးအား မိုး၊ ဆောင်း၊ မိုးကြိုရာသီအလိုက် စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိရာ နိုင်ငံတော်အနေဖြင့် ဂျုံသီးနှံ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၂၅ ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေမှစတင်၍ **ဂျုံသီးနှံချေးငွေအား တစ်ဧကချေးငွေကျပ် ၁၅၀,၀၀၀ နှုန်း၊ တစ်နှစ်လျှင် အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများမှတစ်ဆင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း** သိရသည်။ တောင်သူလယ်သမားဦးကြီးများအနေဖြင့် ဂျုံသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာ ခရိုင်/ မြို့နယ်ဘဏ်ခွဲများနှင့် အမြန်ဆုံးဆက်သွယ်နိုင်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ထံက သိရသည်။

*ချိုဇင်*

# မြန်မာ့ရော်ဘာကုန်ကြမ်းဝယ်ယူရန် ဘယ်လာရုစ်လုပ်ငန်းရှင်များ ကမ်းလှမ်း

မြန်မာ့ရော်ဘာကုန်ကြမ်းကို ဘယ်လာရုစ်လုပ်ငန်းရှင်များက ဝယ်ယူရန် ကမ်းလှမ်းမှုများရှိနေကြောင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်သူအသင်းမှ တာဝန်ရှိသူတစ်ဦးက ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

လက်ရှိတွင်လည်း ရော်ဘာကုန်ကြမ်းများကို ဝယ်ယူရန်အတွက် ဘယ်လာရုစ်နိုင်ငံမှလုပ်ငန်းရှင်များက ကမ်းလှမ်းမှုများရှိနေရာ ဈေးနှုန်းနှင့် တင်ပို့နိုင်မည့် တန်ချိန်ကို ဆွေးနွေးညှိနှိုင်းနေကြောင်း သိရသည်။ "လက်ရှိတော့ ဘယ်လာရုစ်ကို ရော်ဘာတင်ပို့မှုတော့ မရှိသေးဘူး။ ဘယ်လာရုစ်နိုင်ငံကနေပြီးတော့ ဒီနိုင်ငံက ရော်ဘာတွေ ဝယ်ချင်တယ်ဆိုပြီးတော့ စကားပြောကမ်းလှမ်းထားတဲ့ ကုမ္ပဏီတွေရှိတယ်။ ပြီးတော့ လက်ရှိသူတို့ကို ဒီကပေးနိုင်မဲ့ Sample တွေကို တောင်းပြီးတော့ သူတို့ဓာတ်ခွဲခန်းထဲမှာ စစ်ဆေးပြီးတော့ ရသွားတဲ့ ကုမ္ပဏီတွေလည်း ရှိတယ်။ ရော်ဘာကတော့ လက်ရှိတင်ပို့နေတဲ့ RSS တို့ TSR တို့ပဲ တင်ပို့ရမှာ။ အခုကတော့ တင်ပို့မှုနဲ့ ရောင်းဝယ်မှုကိစ္စတွေ ဆောင်ရွက်ဖို့ကိုတော့ ဆက်လက်စကားပြောနေတုန်းပဲပေါ့" ဟု ရော်ဘာစိုက်ပျိုးထုတ်လုပ်သူအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဘယ်လာရုစ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအများအပြားသည် ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ရာ အချို့ထုတ်ကုန်များကို ဗီယက်နမ်နိုင်ငံမှတစ်ဆင့် တင်ပို့နိုင်မည်ဖြစ်သောကြောင့် ရော်ဘာကုန်ကြမ်းတင်ပို့ရန် လမ်းကြောင်းအတွက်လည်း ဆွေးနွေးနေဆဲဖြစ်ကြောင်း သိရသည်။

"လမ်းကြောင်းတော့ **ဘယ်လာရုစ်ကိုပို့ရင်တော့ ပင်လယ်ရေကြောင်းကပဲ သွားရမှာပေါ့။ ဗီယက်နမ်ဆိုရင်တော့ ပို့ရတာပိုနီးတာပေါ့နော်။ ဈေးနှုန်းရော ဘယ်ငွေနဲ့ပေးမလဲဆိုတာ ညှိနှိုင်းနေတာပေါ့။ လက်ရှိဈေးနှုန်းအနေနဲ့က လက်ရှိကမ္ဘာ့ပေါက်ဈေးနဲ့ အညီရဖို့တော့ ပြောထားတာပေါ့နော်။** ငွေကြေးစနစ်တွေ စကားပြောနေ ညှိနှိုင်းနေတုန်းပဲ။ ဝယ်လိုအားကတော့ မသိသေးဘူး" ဟု ၎င်းက ဆက်လက်ပြောသည်။

*ရွှေစင်*

# ယမန်နှစ်က ပြောင်းစိုက်ဧက ၃၀ ရာခိုင်နှုန်းခန့် လျော့နည်းခဲ့သော်လည်း ယခုနှစ်တွင် တိုးတက်လာ

အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ယမန်နှစ်က ပြောင်းစိုက်ဧက ၃၀ ရာခိုင်နှုန်းခန့် လျော့နည်းခဲ့သော်လည်း ယခုနှစ်တွင် တိုးတက်လာကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးအေးချမ်းအောင်က ဒို့ကျေးရွာကို ပြောသည်။

လက်ရှိတွင် ပြည်တွင်း၌ ပြောင်းသီးနှံစိုက်ဧက တစ်သန်းကျော်ရှိပြီး အချို့မြေပေါ်တွင် ဈေးနှုန်း၊ ဈေးကွက်ကိုက်ညီသည့် အခြားသီးနှံများ စိုက်ပျိုးခြင်းကြောင့် ပြောင်းစိုက်ဧက တိုးမြင့်လာခြင်း၊ လျော့သွားခြင်းများ အနည်းငယ်ရှိသော်လည်း ယခုနှစ် ၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီတွင် ပြောင်းစိုက်ဧက အနည်းငယ်များပြားလာကြောင်း သိရသည်။

"ကျွန်တော်တို့ အဲဒီဟာမျိုး တိုးချဲ့စိုက်ဖို့တော့မရှိသေးဘူးပေါ့။ နဂိုရှိခဲ့တဲ့ စိုက်ဧကတွေကိုပဲ မူတည်ပြီးတော့ ဆက်ပြီးတော့မှ ပြည့်မီအောင် ပြန်ကြိုးစားနေကြတာရှိပါတယ်။ ပြောင်းစိုက်ဧကက မနှစ်ကတော့ တော်တော်လျော့သွားတာပေါ့နော်။ အခုနှစ်ကဇွန်၊ ဇူလိုင်မှ စစိုက်တဲ့အတွက် ပြောင်းစိုက်ဧကကို လိုက်ပြီးတော့ လေ့လာနေတုန်းရှိနေပါသေးတယ်။ မနှစ်ကတော့ စိုက်ဧကလျော့သွားတဲ့အတွက် အထွက်နှုန်းကလည်း ၃၀ ရာခိုင်နှုန်းတော့ လျော့သွားပါတယ်။ အဲဒီအတွက် **ဒီနှစ်မှာ ပြီးခဲ့တဲ့နွေရာသီတုန်းက လိုက်ပြီး ကြိုးစားနေတော့ အထိုက်အလျောက်တော့တိုးတက်လာတယ်။ အဲဒီလိုမျိုးတွေတော့ရှိတယ်။** စိုက်လို့ရတဲ့နေရာတွေ စိုက်လို့မရတဲ့နေရာတွေလည်း ရှိပါတယ်" ဟု ဦးအေးချမ်းအောင်က ပြောသည်။

မြန်မာနိုင်ငံမှ ပြောင်းဆန်ကို ထိုင်းနိုင်ငံသို့ ရာခိုင်နှုန်းအားဖြင့် ၅၀ ရာခိုင်နှုန်းဖြင့် အများဆုံး တင်ပို့နေပြီး ကျန် ၁၅ ရာခိုင်နှုန်းအနေဖြင့် အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ တရုတ် စသည့်နိုင်ငံများသို့တင်ပို့နေကြောင်း သိရသည်။

"ကျွန်တော်တို့ တစ်နှစ်လုံးဆိုရင် ပြောင်းဆန်တန် နှစ်သန်း ပို့ရမယ်ဆိုတဲ့ ရည်မှန်းချက်ရှိရတယ်။ အဲဒီလိုရှိတဲ့အတွက်ကြောင့်မို့ SOC ဈေးနှုန်း ၂၄၀ နဲ့တွက်မယ်ဆိုရင် တစ်နှစ်ကို သန်း ၄၈၀ ဖြစ်သွားတာပေါ့။ ဒါက တစ်နှစ်လုံးစာအတွက်ကို ရည်ရွယ်တာပါ။ ကျွန်တော်တို့က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကိုလည်း တစ်နှစ်စာအတွက်ကို မတ်လဆိုတာနဲ့ နောက်နှစ်အတွက်ကို ဘယ်လောက်အထိ ရည်မှန်းချက် ထားထားလည်းဆိုတာ ရှိတာပေါ့ဗျာ။ အခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့တွေ့ဆုံပြီးတော့ အစီစဉ်ချထားတာက တန်ချိန် နှစ်သန်း ပေါ့နော်။ အဲဒီမှာ တစ်တန်ကို SOC ဈေးနှုန်း ၂၄၀ နဲ့တွက်မယ်ဆိုရင် တန် နှစ်သန်းပို့နိုင်ရင် သန်း ၄၈၀ ရမယ်ပေါ့ဗျာ။ အဲဒါကို အဓိကထားပြီး ပြောတာပါ"ဟု ၎င်းက ပြောသည်။

*ခွန်*

# ဘဝအိပ်မက် ပန်းအိပ်မက်

**မစန္ဒာ**



ယခင်အပတ်မှအဆက်

ရွှင်မြူးနေသော ကိုဦး၏ အသံကြောင့် ဦးဘပွားပါရောပြီး ဝမ်းသာသလို ဖြစ်သွားသည်။

"သားတို့ နေကောင်းပါတယ် ဖေဖေရဲ့"

"ကဲကဲလည်း လိမ္မာပါတယ်၊ မဆိုးပါဘူး"

"အန်တီမွေးက နေ့တိုင်းဟင်းချက်ပေးပါတယ်၊ စားကောင်းပါတယ် ဖေဖေရ"

"ဘဖိုးထင်က သားတို့နဲ့အတူ လာအိပ်ပေးတယ်လေ"

ထိုစဉ်တွင် ကိုတူးနှင့် ကဲကဲတို့ ယောင်လည်လည်နှင့် ရောက်လာကြသည်။ ကဲကဲ၏လက်ထဲတွင် စလေဆီးသီး တစ်ထုပ်ကို ကိုင်ထားပြီး ကိုတူးကတော့ ကံကောင်းကို ချီထားသည်။

"မင်းတို့အဖေ တယ်လီဖုန်းဆက်နေတယ်"

"ဟာ ဘဘကြီးကလည်း ဖေဖေမှ ပြန်မရောက်သေးတာ"

"ဟ... ပြန်မရောက်သေးလို့ ဟိုကနေ ဆက်တာပေါ့၊ ဟိုအိပ်ခန်းထဲမှာ မြန်မြန်သွား၊ ကိုဦးနဲ့ ပြောနေတာ ကြားတယ်မဟုတ်လား"

ဦးဘပွားပြောသည်ကို ကလေးနှစ်ဦးက ရုတ်တရက် နားမလည်။

"မေမေရော နေကောင်းရဲ့လားဟင်၊ ဘယ်တော့ပြန်လာမှာလဲ" ဟူသော ကိုဦး၏အသံကို ကြားမှ သဘောပေါက်သွားသည်။

ကဲကဲက "ကိုဦးရေ ကဲကဲလည်းပြောမယ်... ကဲကဲလည်းပြောမယ်နော်" ဟုအော်ကာ အခန်းထဲ ပြေးဝင်သွားသည်။ ကိုတူးကတော့ သူ့လက်ထဲမှ ကံကောင်းကို ကြမ်းပေါ်ချတော့မလိုလို၊ စားပွဲပေါ်တင်တော့မလိုလို လုပ်နေပြီးမှ တောင်းပန်ပြုံးကလေး ပြုံးပြပြီး ဦးဘပွားပေါင်ပေါ်သို့ လာတင်သည်။ ထို့နောက် "ငါလည်းပြောမယ်ဟေ့" ဟု အော်ကာ ဒရောသောပါး ပြေးသွားသည်။

"မေမေရေ သမီးပါ ကဲကဲပါ၊ မေမေ ငိုသေးလားဟင်၊ မငိုနဲ့တော့နော်၊ မေမေ့ကို သမီးလွမ်းလှပြီ မေမေရဲ့" ကဲကဲက ချွဲနေသည်။

"မေမေတို့ သွားကြတာ ကြာလှပြီ၊ ဟာ... မေမေကလည်း ခုနစ်ရက်တောင် ရှိပြီလေ၊ ဘယ်တော့ ပြန်လာမှာလဲဟင်၊ ဟာ... နက်ဖြန် ဟုတ်လား၊ တကယ်နော်... နက်ဖြန်နော်၊ ဟေး.... ပျော်တယ်ဟေ့"

ဦးဘပွားသည် သူ့ပေါင်ပေါ်သို့ အူကြောင်ကြောင်နှင့် ရောက်လာသော ကံကောင်းကို ငေးကြည့်နေမိသည်။ သည်ကလေးကို သူတစ်ခါမျှ ချီပိုးယုယခြင်း မပြုခဲ့ဖူးပေ။ သူ့ကို မျက်လုံးအဝိုင်းသားလေးနှင့် ကြည့်နေသော ကလေးငယ်ကို တွေတွေစိုက်စိုက်ကြီး ပြန်ကြည့်နေရင်း "အေး ကြည့်ထား၊ အဲဒါ မင်းကိုငွေကြေးထောက်ပံ့မယ့် အဘိုးကြီးပဲ၊ ကြည့်ဝအောင် ကြည့်ထားဟကောင်လေးရ"ဟု စိတ်ထဲမှ ပြောနေမိသည်။

သူ၏ မျက်နှာက ခပ်တည်တည် ခပ်တင်းတင်းကြီး ဖြစ်နေတော့ ကံကောင်းက မလှုပ်ရဲ မျက်နှာလေး မဲ့တဲ့တဲ့နှင့် ငြိမ်နေသည်။ သနားသလို ဖြစ်သွားသော ဦးဘပွားက မသိမသာ ပြုံးပြလိုက်သောအခါမှ သူ့မျက်နှာလေးက ရွှင်လာသည်။ သွားလေးနှစ်ချောင်းပေါ်အောင် ရယ်ရင်း "ဂူး ဂူး" ဟုပြောသည်။

"ဘာလဲကွ ဂူး ဂူး ဆိုတာ"

ပြည့်ပြီးဖောင်းလာသော ကံကောင်း၏ ပါးကလေးကို လက်ညှိုးနှင့် တို့ကြည့်လိုက်၊ မေးစေ့လုံးလုံးလေးကို ဆွဲကြည့်လိုက်နှင့် ဦးဘပွားသည် အတန်ငယ်စိတ်ရွှင်လာသည်။

"ရော့ကွ ပူတင်း စားမလား"

ဦးဘပွားက ဘေးတွင်ချထားသော ပူတင်းပန်းကန်ကို သတိရကာ တစ်ဇွန်းခပ်ပြီး ခွံ့လိုက်သည်။ ကံကောင်းက စုံစုံမက်မက် မျိုချလိုက်ပြီး အရသာတွေ့သွားသည့် ပါးစပ်ကလေးက ချက်ချင်း ထပ်ဟပေးသည်။

"သား သေးမပေါက်ပါဘူး မေမေရ၊ တစ်ခါတည်းပါ၊ တစ်ခါတည်းပေါက်တာ၊ အာ...သားလည်း ပေါက်ရော ကိုဦးက ဘုံးခနဲ အုန်းခနဲထုရော...ဟိ"

ကလေးသုံးဦးက တယ်လီဖုန်းခွက်နားတွင် အုံကာ အလုအယက် ပြောနေကြသည်။

ဦးဘပွားသည် ကလေးများ၏အသံကို နားစွင့်လိုက် သူ့ပေါင်ပေါ်မှ ကံကောင်းကို ပူတင်းခွံ့လိုက်နှင့်မို့ သူ့ရောဂါကို မိနစ်အနည်းငယ်မျှ မေ့ပျောက်သွားလေသည်။

"ဘဘကြီးက မဆူပါဘူး မေမေရဲ့။ သားကို ဘဘကြီးက တယ်လီဖုန်းသွားကိုင်ချေတဲ့၊ အဟုတ်ပြောတာပါ၊ ဘဘကြီးက ခွင့်ပေးတာပါ"

ကိုဦး၏ အသံကိုကြားတော့ ဦးဘပွားနှုတ်ခမ်းကို မသိမသာမဲ့ကာ ပြုံးလိုက်မိသည်။

"အင်း... ဒေါ်ခင်ဝဝကတော့ ငါ့ကိုသဘောပုပ်၊ မနောပုပ်ကြီးလို့ ထင်နေတုန်းပဲလား မသိပါဘူး"

ဦးရန်ဝေးက သူ့အပေါ်တွင် ပျူပျူငှာငှာ ရှိသော်လည်း ဦးရန်ဝေး ကတော် မခင်လှကမူ သူ့ကို မနှစ်သက်လှကြောင်း သူသိသည်။ သူရောက်လာကာစက မခင်လှသည် တစ်ခါ၊ နှစ်ခါ ပြုံးရယ်ပြီး နှုတ်ဆက်သည်။ သူကသိပ်အရေးမလုပ်သလို ခပ်တည်တည်နေတော့ မခင်လှသည် သူ့ကို နောက်ထပ် မနှုတ်ဆက်တော့ပေ။

တစ်ခါတစ်ရံ မျက်နှာချင်းဆိုင် တိုးလျှင်ပင် မျက်နှာလွှဲသွားတတ်လေသည်။ ကံကောင်း ကိစ္စပြီးတော့ တစ်တိုက်လုံး ရှိရှိသမျှ လူတွေအကုန်အပေါ်ထပ်က ဦးထင်ပါမကျန် သူ့ကိုကျေးဇူး တတတင်တင်နှင့် ခင်ခင်မင်မင် လှိုက်လှိုက်လှဲလှဲ ဆက်ဆံကြသည်။ သို့သော်မခင်လှကတော့ မပွင့်တပွင့် ပြုံးပြရုံသာ ရှိလေသည်။

သို့သော် ခရီးမသွားခင် ညကတော့ သူ့အခန်းထဲသို့ ရောက်လာခဲ့သည်။ သူ့ကို ခင်မင်ကျေးဇူးတင်သော မျက်လုံးများနှင့် ကြည့်ကာ–

"ကျွန်မတို့ သွားနေတုန်း ကလေးတွေကို ကြည့်ရှုစောင့်ရှောက်ပေးပါဦးရယ်၊ အမြင်မတော်ရင်လည်း ဆုံးမပါ" ဟု ပြောခဲ့လေသည်။

ခဏနေတော့ ကလေးသုံးဦးလုံး အိပ်ခန်းထဲမှ မြှောက်ကြွ၊ မြှောက်ကြွနှင့် ထွက်လာကြသည်။

"ဘဘကြီးရေ မေမေ ပြန်လာတော့မယ်တဲ့"

ကဲကဲက ဝမ်းသာအားရ လှမ်းပြောသည်။

ကိုတူးကတော့ "မေမေပြန်လာမယ် ဟေ့ ... ဖေဖေပြန်လာမယ် ဟေ့... ဟေ့... မေမေပြန်လာမယ်" ဟုသီချင်းလုပ်ဆိုကာ ဆတ်တောက် ဆတ်တောက်နှင့် လှည့်ပတ်၍ ကနေသည်။

ကိုဦးကတော့ အူမြူးနေသော အငယ်နှစ်ဦးကိုကြည့်ကာ ကြည်နူးပီတိဖြစ်နေသည်။ သူ့ကျောပေါ်တွင်ပိနေသော ဝန်ထုပ်ဝန်ပိုးကြီးလည်း အတန်ငယ်ပေါ့သွားသလို ခံစားလိုက်ရသည်။

"ဖေဖေတို့ရဲ့အသံကို ကြားလိုက်ရရုံနဲ့တောင် အားရှိလိုက်တာ ပျော်လိုက်တာ"

ဦးဘပွား၏ ပေါင်ပေါ်တွင် ဖင်ဆောင့်ပြီး ခုန်ရန်ကြိုးစားနေသော ကံကောင်းကို ငေးကြည့်ရင်း တွေးနေမိသည်။ သူချစ်သော မိခင်၊ ဖခင်တို့၏ အသံများကို သည်တစ်ခါ နောက်ဆုံးကြားရခြင်း ဖြစ်သည်ကိုလည်းကောင်း၊ သည်တစ်သက်တွင် နောက်ထပ်ကြားရတော့မည် မဟုတ်ကြောင်းကိုလည်းကောင်း သူလုံးဝမသိခဲ့ရှာပေ။

\- - - - - - - - - - - - -

ထိုနေ့က သူ့ညှော့ခန်းလေးတွင် ကံ့ကော်ရနံ့သင်းမွှေးလျက်ရှိသည်ကို ဦးဘပွားမှတ်မိသည်။

မမွှေးကြူနှင့်အတူ နံနက်ခင်း ဈေးလိုက်သွားသော ကဲကဲက ကံ့ကော်ပွင့် ကားကားလှလှကြီးများ ဝယ်လာသည်။ (အမှန်ကတော့ မမွှေးကြူဝယ်ပေးလိုက်ခြင်းဖြစ်သည်)။ ကဲကဲက ပန်းကြိုက်သည်မို့ သူ့ဆံပင် တိုနံ့နံ့ကို ကြက်တောင်စည်းပြီး ကံ့ကော်ပန်းတွေပန်သည်။ သူ့အိမ်မှာ ဘုရားတင်သည်။ မေမေ၊ ဖေဖေတို့၏ ခုတင်ဘေးတွင် ပန်းအိုးထိုးပေးသည်။

ယနေ့ညနေ မေမေတို့ပြန်ရောက်မည်မို့ အိပ်ခန်းထဲ ဝင်လိုက်လျှင် ဝင်လိုက်ချင်း မွှေးသွားစေရန် ဖြစ်သည်။ ထို့နောက် ကျန်သောပန်းများကို ဦးဘပွားဆီသို့ ယူလာသည်။ ညှော့ခန်းတွင် ဖန်ခွက်နှင့် ထိုးစိုက်ကာ ပန်းအလှပြင်ပေးသည်။ ထို့နောက် သူ့ပန်းအိုးလေးကို သူအရိပ်တကြည့်ကြည့်နှင့် ကြည့်ကာ "လှတယ်နော်"ဟု ထောက်ခံမဲတောင်းနေသည်။

ကဲကဲက ပန်းအလှပြင်တတ်သူမဟုတ်၊ ပုတိုတို ဖန်ခွက်ကလေးထဲတွင် တိုသောအခက်နှင့် ရှည်သော အကိုင်းများကိုပါ အရွက်တွေမခြွေဘဲ ထိုးထိုးထောင်ထောင် ထိုးထည့်ထားတော့ သူ့ပန်းအိုးကလေးက မလှ၊ တစ်ပွင့်ချင်း အကုန်လှကာ အကုန်မွှေးနေသော ပန်းခက်ပန်းခိုင်များကို စုပြုံပြွတ်ညပ်ပြီး အလှပျက်အောင် လုပ်လည်းလုပ်တတ်ပါပေရဲ့ ဟုတွေးရင်း ဦးဘပွားက စိတ်ပျက် လက်ပျက် ပြုံးမိသည်။ သို့သော် ကိုဦးနှင့် ကိုတူးကမူ–

"အေး လှတယ်ဟ" ဟုထောက်ခံကြသည်။ ကဲကဲ၏ ပန်းအိုးသည် ကြည့်မကောင်းမှန်း သိသော်လည်း သည့်ထက်လှအောင် သူတို့မတတ်နိုင်သောကြောင့် ဖြစ်လေသည်။

"ဘဘကြီးရေ လှတယ်နော်"

"အေး မွှေးပါတယ်ကွာ"

ဦးဘပွားက အာပတ်လွတ်အောင်ဖြေသည်။ ပွင့်ဖတ်ဖြူဖြူလေးများကိုလည်းကောင်း၊ ဝတ်ဆံဝါဝါလေးများကိုလည်းကောင်း နှစ်သက်မြတ်နိုးစွာ ကြည့်မိသည်။ ပျံ့ပျံ့လေးမွှေးနေသော ရနံ့ကို ရှိုက်၍ရှူရင်း ချစ်ခဲ့ရသော ဇနီးသည်ကို သတိရမိသည်။

သူ၏ ချစ်ဇနီးက ပန်းကြိုက်သည်။ အထူးသဖြင့် ကံ့ကော်ပန်းကို ပိုကြိုက်သည်။ ကံ့ကော်တွေ စ၍ပွင့်သည်မှစ၍ ရှာမရအောင် တုံးသွားသည့်အချိန်အထိ ချစ်ဇနီး၏ ဆံကေသာတွင် ကံ့ကော်ပွင့်လေးများ မပြတ်ရှိနေတတ်သည်ကို သူသတိထားမိသည်။ ကံ့ကော်ပွင့်လေးတွေ ညှိုးပြီးခြောက်သွားပါကလည်း သူကလွှင့်မပစ်၊ ဝတ်ဆံဝါဝင်းလေးများကို သနပ်ခါးနှင့်အတူရောသွေးကာ လိမ်းတတ်သည်။ လေရူးတွေကတသုန်သုန်မြူးသော ဤတပေါင်း၊ တန်ခူးရာသီဦးတွင် ချစ်ဇနီးသည်၏ ပါးပြင်သည်လည်းကောင်း၊ ဆံပင်သည်လည်းကောင်း၊ ကံ့ကော်ရနံ့သင်းပျံ့ပျံ့ မွှေးနေတတ်သည်ကို သူအမြဲ သတိရနေမိလေသည်။

*ဆက်လက်ဖော်ပြပါမည်*




ဤကဏ္ဍတွင် ဖော်ပြသော အကြောင်းအရာများသည် ပေးပို့သူ၏ အာဘော်သာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။

*စာတည်းအဖွဲ့*

## ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးသောကြောင့် ဒေသခံပြည်သူများ ကျေးဇူးတင်ဝမ်းမြောက်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ သဲကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ဂန္ဓမာလမ်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ၃၇၂ ဒသမ ၁၄၂၅ သန်းအကုန်အကျခံကာ အရှည် ၃၅၈ ပေ၊ အကျယ် ၁၂ ပေ၊ ထုထည် ၈ လက်မဖြင့် ကွန်ကရစ်လမ်းခင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ပေးသည့်အတွက် ဒေသခံပြည်သူများက တာဝန်ရှိသူများကို ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြပါတယ်။

"ကျွန်တော်တို့ သဲကုန်းမြို့နယ်မှာရှိတဲ့ အမှတ်(၁)ရပ်ကွက်၊ ဂန္ဓမာလမ်း ခင်းပြီးသွားရင် မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပပြီး အများပြည်သူသွားလာမှုလွယ်ကူ အဆင်ပြေစေမှာ ဖြစ်ပါတယ်။ ပြီးတော့ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူ လူငယ်များနဲ့ ဈေးရောင်း ဈေးဝယ်ကုန်သည်များဟာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးများတွင် လွယ်ကူလျင်မြန်စွာ အခက်အခဲမရှိ သွားလာနိုင်တော့မှာဖြစ်လို့ တာဝန်ရှိသူတွေကို အထူးကျေးဇူးတင်ရှိပါတယ်"

*ဒေသခံပြည်သူတစ်ဦး*

*နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ၊ လုပ်ဆောင်ချက်များအပေါ် ဝေဖန်အကြံပြုလိုပါက ပြည်သူများ၏ အတွေးအမြင်များ၊ သုံးသပ်ချက်များနှင့် ဝေဖန်အကြံပြုချက်များကို ပြည်သူ့အသံကဏ္ဍသို့ ပေးပို့နိုင်ပါသည်။*

## ကလောမြို့နယ်၌ ရိုးရာမီးရှော်တိုင်ပူဖော်ပွဲ ကျင်းပမည်



ဓာတ်ပုံ – MYD

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၌ အကြိမ် (၂၀)မြောက် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဖော်ပွဲကို ကလောမြို့နယ်၊ ပန်းခြံအနီးရှိ မြို့လူထုကွင်း(မီးရှော်ကွင်း) အတွင်း၌ နိုဝင်ဘာလ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

ပွဲတော်ရက်များ မတိုင်ခင်တစ်ရက်အလိုတွင်လည်း ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။ မီးရှော်တိုင်ကို လူတစ်ရပ်ခန့် တူးထားသည့် ကျင်းအတွင်း စိုက်ထောင်ခြင်းဖြင့် ဘုရားရှင်ထံ မီးပူဖော်ခြင်းဖြစ်ကာ ထင်းရှူးဆီ၊ ထင်းရှူးသားများဖြင့် မျောတိုင်အမြင့် (၂၅) ပေကျော်ကို ဝါးနှီးခေါက်နှင့် ကျစ်ပတ်ထား၍ ပြုလုပ်ရခြင်းဖြစ်သည်။

အဆိုပါ ပွဲတော်သည် ကလောမြို့၏ ထင်ရှားသော ပွဲတော်တစ်ခုဖြစ်ပြီး ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်စားစွာလာရောက်ကြသည့် ပွဲတော်တစ်ခုလည်း ဖြစ်သည်။ *ကိုအောင်*

## မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ ခွင့်ပြုထားကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ထုတ်ပြန်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ ခွင့်ပြုထားကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည်။

လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအလိုက် ဝင်ရောက်ယှဉ်ပြိုင်ရန် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားပြီး သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်အတည်ပြုကြေညာထားသည့် နိုင်ငံရေးပါတီကိုယ်စားပြု မဲအများဆုံးရသူအနိုင်ယူစနစ် ကိုယ်စားလှယ်လောင်းများ၊ အချိုးကျကိုယ်စားပြုစနစ် ကိုယ်စားလှယ်လောင်းများ သို့မဟုတ် တစ်သီးပုဂ္ဂလ လွှတ်တော် ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲ အနိုင်ရရှိရေးအတွက် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတမှုရှိစေရေးအတွက် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၀-က နှင့် လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေအခန်း (၁၀) တို့တွင် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ထည့်သွင်းထုတ်ပြန်ခဲ့သည်။

ထို့အပြင် အထွေထွေရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများသည် လွတ်လပ်၍ တရားမျှတပြီး အေးချမ်းတည်ငြိမ်သည့် ရွေးကောက်ပွဲများ ဖြစ်စေရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) က ထုတ်ပြန်ထားသည်။ *ကိုဘုန်း*

## ဓမ္မစာစု

### လောဘ ဒေါသ မောဟ

လောဘ ဒေါသ မောဟတရားသုံးပါးသည် ကမ္ဘာကြီးတစ်ခုလုံး၊ တစ်လောကလုံးကို နှိပ်စက်နေ၏။ လောဘ၊ ဒေါသ၊ မောဟကို တဏှာ၊ မာန၊ ဒိဋ္ဌိ ဟုလည်း ခေါ်ဆိုရ၏။

သံသရာကြီးကို ချဲ့ထွင်တတ်သော တရားဆိုးကြီးလည်းဖြစ်၏။

လောဘသည် လိုချင်တပ်မက်လွန်းသောစိတ်ဖြစ်၏။

ဒေါသသည် ခက်ထန်လွန်းသော မကျေနပ်သောစိတ်ဖြစ်၏။

မောဟသည် (ဒိဋ္ဌိ)ဖြစ်၏။ မှားယွင်းသောအယူရှိသောစိတ်ဖြစ်၏။

လောဘနှင့် သေလျှင် ပြိဿာဘဝသို့ ရောက်ရ၏။

ဒေါသနှင့် သေလျှင် ငရဲပြည်သို့ ရောက်၏။

မောဟနှင့် သေလျှင် တိရစ္ဆာန်ဘဝ ရောက်ရ၏။

*အရှင်သုဓမ္မသာရ (အောင်စကြာကျောင်း)*

## စကားပုံမှပေးသောအသိများ

### တောကြောင့် ကျားလုံ ကျားကြောင့် တောလုံ

တောအုပ်ကောင်းသဖြင့် ကျားသည် လုံခြုံစွာ ကျက်စားနိုင်သည်။ ကျားရှိသဖြင့် တောသည် လူသူလေးပါးဖျက်ဆီးမည့် အန္တရာယ်မှ လုံခြုံသည်။ ထို့အတူ အချင်းချင်း အပြန်အလှန် အကျိုးပြုကြခြင်းဖြင့် နှစ်ဦးနှစ်ဝ လုံခြုံစွာ ရပ်တည်နိုင်ကြသည်။

"ဆွေတော်မျိုးတော်တို့ ညီညွတ်သင့်တင့်မှ **တောကြောင့် ကျားလုံ၊ ကျားကြောင့် တောလုံ**" ဟု ဆိုလိုခြင်းဖြစ်သည်။

*မြန်မာစာအဖွဲ့ဦးစီးဌာန၏ မြန်မာစကားပုံစာအုပ်*

## သဒ္ဒါအသုံးအနှုန်း

### ရောထွေးတတ်သော ကာ နှင့် ခါ

**ကာ** နှင့် **ခါ** သည် အရေးမတူသော်လည်း အသံထွက် တူတတ်သောကြောင့် ရေးရာ၌ ရောထွေးတတ်သည်။

တစ်ပြိုင်နက်ဖြစ်စေ၊ ဆက်တိုက်ဖြစ်စေ ဖြစ်ပျက်ကြောင်းကို ပြလိုသော် **ကာ** ကိုသုံးသည်။ အိပ် **ကာ**၊ စား **ကာ** နေသည်။

**အချိန်၊ အခါ၊ ကာလ**တို့ကို ပြလိုသော် **ခါ** ကို သုံးသည်။ ငယ်စဉ်**အခါ** ပညာမရှာလျှင် ကြီး**ခါ**မှ နောင်တရမည်။

*မြန်မာစာအဖွဲ့ဦးစီးဌာန၏ မြန်မာစာမြန်မာစကားစာအုပ်မှ*

## သိမှတ်လေ့လာအင်္ဂလိပ်စာ

| | | | |
|---|---|---|---|
| ၁။ | Aromatic | (adj) | ရနံ့မွှေးသော။ |
| ၂။ | Earthy | (adj) | မြေနှင့်ဆိုင်သော။ |
| ၃။ | Floral | (adj) | ပန်းနှင့်ဆိုင်သော။ |
| ၄။ | Herbal | (adj) | ဆေးဖက်ဝင်သော။ |
| ၅။ | Musky | (adj) | ကတိုးရနံ့ထွက်သော။ |
| ၆။ | Musty | (adj) | မှိုစော်နံသော။ |
| ၇။ | Pungent | (adj) | အနံ့အရသာစူးရှသော။ |
| ၈။ | Rancid | (adj) | ဆီချေးစော်နံသော။ |
| ၉။ | Radiant | (adj) | တောက်ပရွှန်းစိုသော။ |
| ၁၀။ | Woody | (adj) | တောထူထပ်သော။ |

# နတ်မောက်မြို့၌ ဆီထွက်သီးနှံများ ကြိတ်ခွဲခြင်းဖြင့် ဆီကြိတ်စက်လုပ်ငန်းများ အဆင်ပြေလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၌ ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲနှင့် နေကြာများကို ဒေသခံ တောင်သူများအနေဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးကြသည့်အလျောက် အဆိုပါ ဆီထွက်သီးနှံများကို ကြိတ်ခွဲပေးကြသည့် တစ်နိုင်တစ်ပိုင် ဆီကြိတ်စက်လုပ်ငန်းများ ဝင်ငွေကောင်း၍ မိသားစုလုပ်ငန်း အဆင်ပြေလျက်ရှိသည်။

“ကျွန်တော်တို့နတ်မောက်မြို့နယ် ဒေသခံတောင်သူတွေက ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲ၊ နေကြာတွေကို အားထားစိုက်ပျိုးလုပ်ကိုင်ကြပြီး ယခုလို သီးနှံပေါ်ချိန်တွေမှာဆိုရင် ဆီသန့်သန့်စားသုံးတဲ့ ပြည်သူများကိုတော့ တစ်နိုင်တစ်ပိုင် ဆီကြိတ်ခွဲရောင်းချပေးပါတယ်။ မိမိမြေပဲ၊ နှမ်းနဲ့ လာရောက်ကြိတ်ခွဲလျှင် လုပ်အားခအဖြစ် မြေပဲ၊ နှမ်း တစ်တင်းလျှင် ငွေကျပ် (၇၅၀၀) နှုန်းယူပါတယ်၊ မြေပဲဖတ်၊ နှမ်းဖတ်များကိုလည်း ပြန်လည်ဝယ်ယူပေးပါတယ်၊ မိမိမြေပဲ၊ နှမ်းများဖြင့် လာရောက်ဆီကြိတ်တော့ ဆီသန့်သန့်စားရတဲ့အပြင် ကျန်းမာရေးအတွက်လည်း ကောင်းပါတယ်။ အခြားဆီရောင်းတဲ့ ဆိုင်တွေမှာဆို နှမ်းဆီတစ်ပိဿာ (၁၄၀၀၀)ကျပ်နှုန်းနှင့် မြေပဲဆီတစ်ပိဿာကို (၁၆၀၀၀)ကျပ်နှုန်း ပေးရသည့်အတွက် မိမိမြေပဲ၊ နှမ်းကို ဆီကြိတ်စားရတော့ အပိုငွေလည်း မထွက်သည့်အပြင် ကျွန်တော်တို့လို တစ်နိုင်တစ်ပိုင် မြေပဲဆီ၊ နှမ်းဆီ ကြိတ်ခွဲစက်ထောင်ထားတဲ့သူတွေလည်း လုပ်ငန်းများလုပ်ရတဲ့အတွက်ကြောင့် မိသားစုလုပ်ငန်း လည်ပတ်နိုင်သလို ဝင်ငွေလည်းရတာပေါ့ဗျာ”ဟု နတ်မောက်မြို့ပေါ်ရှိ မြို့မရပ်ကွက်နေ ဆီကြိတ်ခွဲစက်ပိုင်ရှင်တစ်ဦးက ပြောသည်။ *လှဝင်း*



ဓာတ်ပုံ – လှဝင်း

# ကျောက်ဆည်မြို့နယ် မှိုင်းပန်ကျေးရွာ၌ စိုက်ပျိုးထားသော ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဆည်ရေသောက်/ မိုးရေသောက်စနစ်ဖြင့် မိုးသီးနှံမျိုးစုံ စိုက်ပျိုးထားရာ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်၊ မှိုင်းပန်ကျေးရွာ၌ တောင်သူဦးမြင့်မွေး စိုက်ပျိုးထားသော ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဝါစိုက်ပျိုးခြင်းများနှင့်ပတ်သက်၍ မြို့နယ်တာဝန်ရှိသူများ၏ ဝါစိုက်ပျိုးခြင်း နည်းစနစ်များအတိုင်း မြေအစိုဓာတ်ရရှိချိန်၌ တစ်ဧကသတ်မှတ်အပင် ပြည့်မီစွာဖြင့် အကွာအဝေးမှန်စွာဖြင့် စတင်စိုက်ပျိုးပြီး အပင်သက်တမ်း (၂၀)ရက်မှ(၂၅)ရက်သားတွင် စိုက်ကျင်းတစ်ကျင်းတွင် သန်မာသည့်အပင် နှစ်ပင်ချန်၍ သားခွဲပေးကြောင်း၊ ရက်ပေါင်း (၄၀)နီးပါး အပိန့်စဝင်ချိန်နှင့် ပန်းပွင့်စပွင့်ချိန်၌ ယူရီးယားအိတ်ဝက်နှင့် ကွန်ပေါင်း အိတ်ဝက် ရောစပ်ပြီး အပင်ချေများတွင် ဖျန်းပက်ကာ မြေအစိုဓာတ်ရရှိအောင် ရေသွင်းပေးကြောင်း၊ ဝါပင်သက်တမ်း (၅၀) ရက်အထိ စုပ်ပိုးကာကွယ်ဆေးနှစ်ကြိမ်နှင့် ဝါဂွမ်းပိုးနီနှင့် ရွက်လိပ်ရွက်စားပိုး နှစ်ကြိမ် ဖျန်းခြင်းများ ဆောင်ရွက်ကြောင်း တောင်သူဦးမြင့်မွေးက ပြောပြသည်။

ကျောက်ဆည်မြို့နယ်၌ ဝါသီးနှံများကို မှိုင်းပန်ကျေးရွာအုပ်စုတွင် (၃၇၅)ဧက၊ သင်္ဂတုံကျေးရွာအုပ်စု၌ (၂၃)ဧက၊ ကလေးကျေးရွာအုပ်စု၌ (၁၈)ဧက၊ ရှမ်းတောင်ဦးကျေးရွာအုပ်စု၌ (၁၀)ဧက၊ ရဲဘော်ကြီးကျေးရွာအုပ်စု၌ (၅၀၂)ဧက၊ ရဲယမန်းကျေးရွာအုပ်စု၌(၉၄၆)ဧကနှင့် အခြားကျေးရွာအုပ်စုများရှိ ယာမြေများတွင်လည်း စိုက်ပျိုးထားရှိကြောင်း သိရသည်။

*သက်မောင်(ကျောက်ဆည်)*

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|---|
| ၁။ | ရွှေဘိုပေါ်ဆန်း | ပြည် | ၈၃၀၀ |
| ၂။ | ဧည့်မထ | ။ | ၄၂၀၀ |
| ၃။ | မြေပဲဆီ | တစ်ပိဿာ | ၂၅၀၀၀ |
| ၄။ | နှမ်းဆီ | ။ | ၂၁၀၀၀ |
| ၅။ | စားအုန်းဆီ | ။ | ၆၅၈၅ |
| ၆။ | ကုလားပဲကြမ်း | ။ | ၈၀၀၀ |
| ၇။ | ပဲနီလေး | ။ | ၁၉၀၀၀ |
| ၈။ | ပဲကြီး | ။ | ၉၀၀၀ |
| ၉။ | စားတော်ပဲ | ။ | ၁၁၅၀၀ |
| ၁၀။ | ကြက်သွန်နီ | ။ | ၂၂၀၀ |

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|---|
| ၁၁။ | အာလူး | တစ်ပိဿာ | ၈၀၀၀ |
| ၁၂။ | ကြက်သား | ။ | ၂၀၀၀၀ |
| ၁၃။ | ဝက်သား | ။ | ၃၆၀၀၀ |
| ၁၄။ | အမဲသား | ။ | ၃၅၀၀၀ |
| ၁၅။ | ဆိတ်သား | ။ | ၆၂၀၀၀ |
| ၁၆။ | ငါးခူ | ။ | ၃၀၀၀၀ |
| ၁၇။ | ငါးကျည်း | ။ | ၃၈၀၀၀ |
| ၁၈။ | ငါးမြစ်ချင်း | ။ | ၁၈၀၀၀ |
| ၁၉။ | ပုစွန်တုပ် | ။ | ၆၀၀၀၀ |
| ၂၀။ | ပုစွန်ကျော့ | ။ | ၂၈၀၀၀ |

| စဉ် | Fuel (လက်လီ) | ရန်ကုန် | မန္တလေး |
|---|---|---|---|
| ၁။ | 92 Ron | ၂၆၇၀ | ၂၇၈၀ |
| ၂။ | 95 Ron | ၂၇၆၀ | ၂၈၇၅ |
| ၃။ | HSD (500 ppm) | ၂၃၈၀ | ၂၄၉၅ |
| ၄။ | HSD (50 ppm) | ၂၉၀၀ | ၃၀၁၀ |
| ၅။ | HSD (10 ppm) | ၂၉၀၀ | ၃၀၁၀ |

| စဉ် | Fuel (လက်ကား) | ရန်ကုန် | မန္တလေး |
|---|---|---|---|
| ၁။ | 92 Ron | ၂၅၀၉ | ၂၅၉၃ |
| ၂။ | 95 Ron | ၂၅၉၈ | ၂၆၈၄ |
| ၃။ | HSD (500 ppm) | ၂၂၂၉ | ၂၃၀၃ |
| ၄။ | HSD (50 ppm) | ၂၇၃၂ | ၂၈၁၆ |
| ၅။ | HSD (10 ppm) | ၂၇၃၂ | ၂၈၁၆ |

အထက်ပါ ကုန်စည်ဈေးနှုန်းများသည် အောက်တိုဘာလ နောက်ဆုံးပတ် ဈေးနှုန်းများဖြစ်ပြီး အချိန်အခါနှင့် ဒေသကို လိုက်၍ အပြောင်းအလဲ ရှိနိုင်ပါသည်။

# ရမည်းသင်းမြို့နယ်တွင် ကြက်ဟင်းခါးပင်များ ဖြစ်ထွန်း၍ မိသားစုနေ့စဉ်ဝင်ငွေ အဆင်ပြေ

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ပေါက်တောကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်လျက်ရှိပြီး ရာသီအလိုက် သီးပင်စားပင်များနှင့် မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရောင်းချလျက်ရှိရာ ကြက်ဟင်းခါးသီးစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး တောင်သူများအနေဖြင့်လည်း မိသားစုနေ့စဉ်ဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရှိရသည်။

ကြက်ဟင်းခါးပင်သည် အစေ့မှ တိုက်ရိုက် စိုက်ကျင်း၊ စိုက်ဘောင်စနစ်ဖြင့် စိုက်ပျိုးရသောအပင်မျိုးဖြစ်၍ မိုးရာသီတွင် မေလနှင့် ဇွန်လများ၌ စတင်စိုက်ပျိုးကြပြီး ဆောင်းရာသီတွင် အောက်တိုဘာနှင့် နိုဝင်ဘာလများ၌လည်း စိုက်ပျိုးလျက်ရှိရာ ပူနွေးသော စိုစွတ်သောရာသီဥတုနှင့် ရေစီးရေလာကောင်းမွန်သော သဲနုန်းမြေ၊ နုန်းမြေများတွင် များစွာအောင်မြင်ဖြစ်ထွန်းပါသည်။ အပင်နှင့်အသီး ရှင်သန်ကြီးထွားစေရန် သဘာဝနွားချေးမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာများကို အချိုးကျပေါင်းစပ်အသုံးပြု၍ အပင်သက်တမ်း (၁ လ၊ ၁ လခွဲ) အကြာတွင် ခူးဆွတ်ရသည်။

ကြက်ဟင်းခါးသီး တစ်လုံးလျှင် ၅၀ ကျပ်သားခန့် အလေးချိန်ရှိပြီး တစ်ပင်လျှင် တစ်ခါခူးပါက တစ်ပိဿာဝန်းကျင် ထွက်ရှိကြောင်းသိရသည်။ ဈေးကွက်တွင် တစ်ပိဿာလျှင် (၁၈၀၀–၂၀၀၀)ဝန်းကျင်ရှိပြီး အသီးအမျိုးအစားအပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲမှုရှိကြောင်း ကြက်ဟင်းခါးသီး စိုက်ပျိုးရောင်းချသူ ဒေါ်ပြုံးစိန်ထံမှ သိရသည်။

*အောင်ဝင်း*

*[Credit: ဒို့ကျေးလက် Page]*



# ခိုင်မာသောဖွဲ့စည်းမှု မွန်မြတ်သောတာဝန် မှန်ကန်သောရပ်တည်ချက်တို့ဖြင့်

မဲဆန္ဒရှင်တစ်ဦး

**နိဒါန်း**

ကျွန်ုပ်တို့ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အရေးကြီးသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးကျင်းပရန် နီးကပ်လာပြီဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း သက်ဆိုင်ရာလွှတ်တော် မဲဆန္ဒနယ်အလိုက် ရွေးကောက်ပွဲများကို ကြီးကြပ်ရမည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များသည် လာမည့်အထွေထွေရွေးကောက်ပွဲကြီးကို ဥပဒေနှင့်အညီ လွတ်လပ်မျှတပြီး အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင်ပေးရမည့် ပုဂ္ဂိုလ်များပင်ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ လွှတ်တော်အလိုက် မဲဆန္ဒနယ်မြေများစာရင်းကိုလည်း သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ဥပဒေပါတာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကော်မရှင်ကပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ကြမည် ဖြစ်ပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ် တစ်ခုလုံးအတွက် ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲခြင်းတာဝန်များကို ထမ်းဆောင်ကြမည် ဖြစ်ပါသည်။

**ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်းမူဝါဒ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအရ ကော်မရှင်က တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှ မြို့နယ်အဆင့်အထိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရသည်။ တတိယအကြိမ် ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၄ အရ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းရာတွင် အများယုံကြည်လေးစားခြင်းခံရသူ ပုဂ္ဂိုလ်များဖြင့်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းများဖြင့်ဖြစ်စေ၊ အနည်းဆုံးသုံးဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းပုဂ္ဂိုလ်များအနက် သင့်လျော်သူတစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်ဖြစ်သည်။ ဤပြဋ္ဌာန်းချက်တွင် ဖွဲ့စည်းခြင်းမူဝါဒအရ အများယုံကြည်လေးစားခြင်းခံရသူကိုသာ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းဖြစ်ပါသည်။ ဒေသအခြေအနေအရ အများယုံကြည်လေးစားခြင်းခံရသူ အခက်အခဲရှိလျှင် သင့်လျော်သော နိုင်ငံ့ဝန်ထမ်းအား ဥက္ကဋ္ဌတာဝန်ပေးအပ်နိုင်ရန် ဥပဒေရေးထုံးကို သင့်လျော်စွာ ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲအရာရှိက အတွင်းရေးမှူးတာဝန်ဖြစ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကလည်း မိမိတိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ကော်မရှင်၏ မူဝါဒနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ရပါသည်။ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများတွင် အများယုံကြည်လေးစားခြင်းခံရသူ အနည်းဆုံးသုံးဦးပါဝင်ပြီး သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုစာရေးက အတွင်းရေးမှူးတာဝန် ထမ်းဆောင်ရမည်ဖြစ်ပါသည်။

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်များ ပြည့်စုံရမည့် အရည်အချင်းသတ်မှတ်ချက် ရှစ်ချက်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့် ၁၁ ချက်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်လေးချက်တို့ကို ဥပဒေဖြင့် ပြဋ္ဌာန်းထားသည်။ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ရာတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ အကူအညီရယူဆောင်ရွက်ရပါသည်။ ကော်မရှင်အဖွဲ့ခွဲများသည် ဥပဒေကပေးအပ်သည့် တာဝန်၊ လုပ်ပိုင်ခွင့်များနှင့်အညီ ရွေးကောက်ပွဲကို သမာသမတ်ကျစွာဖြင့် လက်တွေ့ကျကျ ကြီးကြပ်ဆောင်ရွက်ရသည့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များ ဖြစ်ပါသည်။ ယခုဖွဲ့စည်းတာဝန်ပေးအပ်လိုက်သော ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၌ တာဝန်ပေးအပ်ခြင်းခံရသူများသည် အာဏာရပါတီလောင်းရိပ်မရှိသဖြင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ ကင်းရှင်းပြီး သမာသမတ်ကျကျ မှန်မှန်ကန်ကန်ဆောင်ရွက်မည့် ပုဂ္ဂိုလ်များ ဖြစ်ပါသည်။

တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်များ ဖွဲ့စည်းမှုမတူညီကြပါ။ အခြေခံအားဖြင့် ကော်မရှင် (Commission)၊ ကော်မရှင်နာများ (Commissioners)၊ ရွေးကောက်ပွဲအရာရှိများ (Returning Officers)၊ ရွေးကောက်ပွဲဝန်ထမ်းများ (Electoral Staffs)တို့ကို မဏ္ဍိုင်ပြု၍ ဖွဲ့စည်းလေ့ရှိကြသည်။ ကျွန်ုပ်တို့နိုင်ငံတွင် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတို့ဖြင့် စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်ပါသည်။ ကော်မရှင်အဖွဲ့ခွဲများကို အများယုံကြည်လေးစားခြင်းခံရသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ရွေးကောက်ပွဲအရာရှိတို့ဖြင့် ဖွဲ့စည်းပါသည်။

> **“ကော်မရှင်ကကြီးကြပ်ရသည့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်းတွင် အများယုံကြည် လေးစားခြင်းခံရသည့်ပုဂ္ဂိုလ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသော ဌာနဆိုင်ရာဝန်ထမ်းအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲအရာရှိ/ အတွင်းရေးမှူးတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲတာဝန်ကို သမာသမတ်ကျစွာဖြင့် စနစ်တကျတာဝန်ထမ်းဆောင်ရန် ဖွဲ့စည်းတာဝန်ပေးအပ်ထားခြင်း အနှစ်သာရပင်ဖြစ်”**

**ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်း အနှစ်သာရ**

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်များကို ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ပါဝင်ဖွဲ့စည်းထားခြင်းသည် ဒေသခံမဲဆန္ဒရှင်ပြည်သူများက ယုံကြည်သော၊ ကြည်ညိုလေးစားသော ပုဂ္ဂိုလ်များဖြင့် ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ သမာသမတ်ကျစွာ ကြီးကြပ်ကျင်းပပေးခြင်း အနှစ်သာရကို ဖော်ဆောင်ထားခြင်းဖြစ်ပါသည်။ ထို့ပြင် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့်ဆက်စပ်နေသော ဌာနဆိုင်ရာများမှ ဝန်ထမ်းများကို ထည့်သွင်းဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ရည်ရွယ်ချက်မှာလည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စနစ်တကျ စီမံခန့်ခွဲနိုင်ရန်၊ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသော သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းတာဝန်များကို ဌာနကိုယ်စား တာဝန်ထမ်းဆောင်ရန်နှင့် မိမိကော်မရှင်အဖွဲ့ခွဲအား အထောက်အကူပြုရန်အတွက်ဖြစ်ပါသည်။

ကော်မရှင်ကကြီးကြပ်ရသည့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်းတွင် အများယုံကြည်လေးစားခြင်းခံရသည့်ပုဂ္ဂိုလ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသော ဌာနဆိုင်ရာဝန်ထမ်းအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲအရာရှိ/ အတွင်းရေးမှူးတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲတာဝန်ကို သမာသမတ်ကျစွာဖြင့် စနစ်တကျတာဝန်ထမ်းဆောင်ရန် ဖွဲ့စည်းတာဝန်ပေးအပ်ထားခြင်း အနှစ်သာရပင်ဖြစ်ပါသည်။

**ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၈ အရ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ-

(၁) လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊
(၂) လွှတ်တော် ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊
(၃) သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ကြီးကြပ်ခြင်း၊
(၄) မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ကြေညာခြင်း၊
(၅) ရရှိသည့် ရန်ပုံငွေများကို စနစ်တကျ သုံးစွဲခြင်း၊ သုံးစွဲစေခြင်း၊
(၆) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊
(၇) ရွေးကောက်ပွဲနှင့် သက်ဆိုင်သော စာရင်းဇယားများနှင့် မှတ်တမ်းများကို တိကျစွာ ပြုစုထိန်းသိမ်းခြင်း၊
(၈) လျှို့ဝှက်ဆန္ဒမဲပေးခြင်းကိုဖော်ဆောင်ခြင်း၊
(၉) ကော်မရှင်က ထုတ်ပြန်ခွင့်ပြုသော စာရင်းအချက်အလက်များမှတစ်ပါး အခြားကိစ္စများနှင့် စပ်လျဉ်း၍ ပေါက်ကြားခြင်းမရှိစေရန် စောင့်ထိန်းခြင်း၊
(၁၀) ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးအတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်း၊ မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်မျှ မဲမဆွယ်ရခြင်း၊ ဘက်မလိုက်ရခြင်း၊
(၁၁) ကော်မရှင်က ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခြင်းတို့ ဖြစ်ပါသည်။

**ဌာနဆိုင်ရာအဖွဲ့ဝင်များ၏ အခန်းကဏ္ဍ**

ကော်မရှင်အဖွဲ့ခွဲများတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အဖွဲ့ဝင်သည် ရွေးကောက်ပွဲအတွက် နယ်မြေဒေသဆိုင်ရာ အချက်အလက်များ၊ မဲစာရင်းပြုစုရာတွင် အခြေခံရသည့် မြေပြင်လူဦးရေစာရင်းများ မှန်ကန်စွာရရှိရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စရပ်များကို အဓိကပါဝင် ဆောင်ရွက်ရသည်။ အဖွဲ့ဝင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးအဆင့်ဆင့်သည် မဲစာရင်းပြုစုရေးအတွက် အိမ်ထောင်စုလူဦးရေစာရင်းများ၊ နေထိုင်မှု၊ ပြောင်းဝင်/ ပြောင်းထွက်မှုစာရင်းများ မှန်ကန်စွာရရှိရေး၊ မဲဆန္ဒရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ နိုင်ငံသားဖြစ်မှုအခြေအနေများကို ဥပဒေနှင့်အညီ စိစစ်အတည်ပြုပေးရသည့်တာဝန်များကို အဓိကဆောင်ရွက်ရသည်။

အဖွဲ့ဝင်ဥပဒေအရာရှိများကလည်း ကော်မရှင်အဖွဲ့ခွဲအတွက် လိုအပ်သော ဥပဒေရေးရာ အကြံဉာဏ်များကို ပေးအပ်ရသည်။ အဖွဲ့ဝင်ပညာရေးဌာနအနေဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်အထိ အခြေခံပညာကျောင်းများတွင် ပညာရေးဝန်ထမ်းများ ခန့်အပ်ထားသည်ဖြစ်ရာ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအဖြစ် ပညာရေးဝန်ထမ်းများကို ဦးစားပေး၍ တာဝန်ပေးအပ်ရသည်။ အဖွဲ့ဝင်ပြည်သူ့ကျန်းမာရေးဌာနနှင့် စိုက်ပျိုးရေးဌာနတို့ကလည်း ပညာရေးဌာနနည်းတူရပ်ကွက်နှင့်ကျေးရွာအုပ်စုအဆင့်အထိ ဝန်ထမ်းများ ခန့်အပ်ထားသဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် အဆိုပါဝန်ထမ်းများကို တာဝန်ပေးအပ်ရပါသည်။

အဖွဲ့ဝင်စာရင်းစစ်အရာရှိ အဆင့်ဆင့်သည် ကော်မရှင်၏ တာဝန်ပေးချက်ဖြင့် နိုင်ငံရေးပါတီများ၏ ပါတီပိုင်ပစ္စည်းနှင့် ရန်ပုံငွေစာရင်းများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းများကို ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့်အညီ စာရင်းကျွမ်းကျင်သူများဖြင့် စိစစ်ပေးရသည်။ စည်ပင်သာယာရေးကော်မတီအမှုဆောင်အရာရှိအဖွဲ့ဝင်သည် မြို့ပြစည်ပင်သာယာ နယ်နိမိတ်အတွင်း *စာမျက်နှာ ၁၂ သို့*

# MRTV-4 ရုပ်သံလိုင်းတွင် "မြူနှင်းတို့ထာဝရဝေ" ရုပ်သံဇာတ်လမ်းတွဲ ထုတ်လွှင့်ပြသလျက်ရှိ

FG Series ထုတ်လုပ်ရေးမှ ဝတ္ထုကလျာ (ဝိဇ္ဇာ၊ သိပ္ပံ)၊ ဇာတ်ညွှန်းကျော်ကျော်ထွန်းနှင့် ကျော်ရာဇာကိုတို့ရေးသားပြီး ဒါရိုက်တာ ကိုကိုဝင်းရိုက်ကူးသော "မြူနှင်းတို့ထာဝရဝေ" မြန်မာရုပ်သံဇာတ်လမ်းတွဲကို အောက်တိုဘာလ ၁၇ ရက်မှစတင်၍ MRTV-4 ရုပ်သံလိုင်းတွင် ပြသလျက်ရှိသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲသည် ထင်ရှားသည့် စာရေးဆရာမကြီးကလျာ (ဝိဇ္ဇာ/သိပ္ပံ)၏ လူကြိုက်များခဲ့သော ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ဖြစ်ခဲ့သည့်အတွက် ဒါရိုက်တာကိုကိုဝင်းကယင်းကိုဇာတ်လမ်းတွဲအဖြစ် ပြန်လည်ပုံဖော်ရိုက်ကူးသည့်အခါ မူလ "မြူနှင်းတို့ထာဝရဝေ" ဇာတ်လမ်းဇာတ်အိမ်ကို မထိခိုက်စေရန်နှင့် မူလဇာတ်လမ်းမပျက်စေရန် အထူးဂရုစိုက် ရိုက်ကူးခဲ့ကြောင်း၊ ဇာတ်လမ်းဇာတ်အိမ်ကောင်းကောင်းကို သရုပ်ဆောင်အင်အား ကောင်းကောင်းဖြင့်အကောင်းဆုံး ကြိုးစားရိုက်ကူးထားကြောင်းသိရသည်။

"မြူနှင်းတို့ထာဝရဝေ" ရုပ်သံဇာတ်လမ်းတွဲတွင် ရှင်မွေလ၊ ဘုန်းရှိန်ခန့်၊ ဟန်ထက်စံ၊ မှူးသီဟသူ၊ မင်းမြတ်သု၊ နေဝန်း၊ စိုးစံ၊ ထက်အောင်ထူး၊ Lနေနေ၁်၊ ဇင်မျိုး၊ ဇော်ဝင်းမောင်၊ ယမုံမြင့်မြတ်၊ ဂရိတ်ချမ်း၊ သံစဉ်ဆည်းဆာ၊ အဲဝေသာ၊ ပိုးသားခင်ခင်၊ ခိုင်ဇင်သွယ်၊ ချိုပြုံး၊ ဝါဝါအောင်၊ ဂွမ်းပုံကြီး၊ ကလေးသရုပ်ဆောင်သွန်းနေလ၊ ဆုရတနာထိုက်၊ နန်းမေမြတ်နိုးနှင့် အခြားအနုပညာရှင်များပါဝင်ထားပြီး MRTV-4 ရုပ်သံလိုင်းမှ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ည ၇ နာရီအချိန်၌ ပြသလျက်ရှိသည်။

*ယမင်း*




ဓာတ်ပုံ – facebook.com

# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် လူမှုအကျိုးပြုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးဇော်ဇော်ကို ရွေးချယ်ခန့်အပ်

၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာကောင်စီအစည်းအဝေးတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် လူမှုအကျိုးပြုလုပ်ငန်းကော်မတီ (FIFA Football Social Responsibilty Committee) ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကို ရွေးချယ်ခန့်အပ်ခဲ့ပြီး ၂၀၂၅ ခုနှစ်မှ ၂၀၂၉ ခုနှစ်ထိတာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အာရှဘောလုံးအဖွဲ့ချုပ် AFC အကြီးတန်း ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးဇော်ဇော်သည် အာရှဘောလုံးအဖွဲ့ချုပ်၏ လူမှုရေးရာကော်မတီ ဥက္ကဋ္ဌနှင့် AFC Dream Asia Foundation ၏ Board of Trustees တစ်ဦးအဖြစ် ၂၀၂၃ ခုနှစ်မှ စတင်ကာ ၂၀၂၇ ခုနှစ်ထိ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး အာရှဘောလုံးအဖွဲ့ချုပ်၊ အာဆီယံဘောလုံးအဖွဲ့ချုပ်တို့က ချီးမြှင့်သော AFC Dream Asia Award (2013)၊ ASEAN Goodwill Award (2014)၊ ASEAN Goodwill Award (2017)၊ AFC Distinguished Service Award (2024)တို့ကို ချီးမြှင့်ခြင်းခံခဲ့ရသူဖြစ်သည်။

*ကျော်ကြီး(Sport)*



ဓာတ်ပုံ – fifa.com

*ခိုင်မာသောဖွဲ့စည်းမှု မှန်မြတ်သောတာဝန် ... စာမျက်နှာ ၁၁ မှ*

လွှတ်တော် ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း စနစ်တကျ ဖြစ်စေရန် ကော်မရှင်အဖွဲ့ခွဲကို အထောက်အကူ ပြုပေးရသည်။ ရွေးကောက်ပွဲကျင်းပရာတွင် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း၊ မဲဆန္ဒရှင်များအား အသိပညာပေးခြင်းတို့ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အဖွဲ့ဝင်က ကူညီဆောင်ရွက်ပေးရသည်။

ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်ဌာနဆိုင်ရာ အရာထမ်းများသည် ရွေးကောက်ပွဲနှင့်ဆက်စပ်သော မိခင်ဌာန၏ လုပ်ငန်းတာဝန်အပြင် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲက ပေးအပ်သည့်တာဝန်များကိုလည်း ထမ်းဆောင်ရန် တာဝန်ရှိပါသည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို အဖွဲ့စနစ်ဖြင့် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ရသော အဖွဲ့အစည်းများဖြစ်ပါသည်။ ကော်မရှင်အဖွဲ့ခွဲများတွင် အဓိကဦးဆောင်ပုဂ္ဂိုလ်များမှာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို စီမံဆောင်ရွက်ရသူပဲ့ကိုင်ရှင်မှာ ရွေးကောက်ပွဲအရာရှိ/အတွင်းရေးမှူးများပင်ဖြစ်သည်။ ထို့အတူ ရွေးကောက်ပွဲဆိုင်ရာဦးစီးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရသော ရွေးကောက်ပွဲ ဝန်ထမ်းများသည်လည်း ကော်မရှင်၏ အရေးကြီးသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၂၂ နှင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၄ တို့အရ ကော်မရှင်သည် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရန်အလို့ငှာ လိုအပ်မည့် အကူအညီများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ ရယူဆောင်ရွက်နိုင်ပါသည်။ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲတို့၏ ပင်မတာဝန်အပြင် ဌာနဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်ပေးရသော ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးနှင့် လုံခြုံရေးကိစ္စရပ်များသည်လည်း မဖြစ်မနေ လိုအပ်ပါသည်။

**ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ အခန်းကဏ္ဍ**

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် တိုင်းဒေသကြီး/ပြည်နယ်မှ မြို့နယ်အဆင့်ထိ ဖွဲ့စည်းမှုသည် ခိုင်မာပြီး စွမ်းဆောင်ရည်ရှိသော ကော်မရှင်အဖွဲ့ခွဲများအဖြစ် ရပ်တည်ဆောင်ရွက်နိုင်သော်လည်း ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများတွင်မူ အများယုံကြည်လေးစားခြင်းခံရသည့် ပုဂ္ဂိုလ်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူး (ရပ်ကွက်/ကျေးရွာအုပ်စုစာရေး) တို့ဖြင့်သာ ဖွဲ့စည်းနိုင်ပါသည်။ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲများသည် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုခြင်းနှင့် စိစစ်ခြင်း၊ နိုင်ငံရေးပါတီများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် မြေပြင်တွင် အနီးကပ် ထိတွေ့ဆက်ဆံရသူများဖြစ်ခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း ကြိုတင်မဲပေးခြင်းနှင့်ရွေးကောက်ပွဲနေ့ မဲရုံတွင် ဆန္ဒမဲပေးခြင်းတို့ကို အနီးကပ် ကြီးကြပ်ကွပ်ကဲရသူများ ဖြစ်ပါသည်။ သို့ဖြစ်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အတွေ့အကြုံရင့်ကျက်မှုနှင့် ဥပဒေလုပ်ထုံးလုပ်နည်း နားလည်ကျွမ်းကျင်မှုတို့ လွန်စွာအရေးကြီးသည်ဖြစ်ရာ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးဖြစ်သော ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ စွမ်းဆောင်ရည်နှင့် အခန်းကဏ္ဍကို မြှင့်တင်ပေးရမည်ဖြစ်ပါသည်။

**မဲရုံအဖွဲ့များ၏ အခန်းကဏ္ဍ**

ရွေးကောက်ပွဲနေ့တွင် မဲရုံတစ်ရုံ၏ ရည်မှန်းချက်အောင်မြင်ပြီးမြောက်မှုသည် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပါသည်။ မဲရုံများကို သတ်မှတ်ချက်နှင့်အညီ ခင်းကျင်းပြင်ဆင်ခြင်း၊ MEVM မဲပေးစက်များနှင့် မဲရုံသုံးပစ္စည်းများအား စနစ်တကျစီမံခန့်ခွဲခြင်း၊ မဲရုံအတွင်း ငြိမ်ဝပ်ပိပြားမှုရှိစေရန် ကြီးကြပ်ခြင်း၊ မဲဆန္ဒရှင်များ လွယ်ကူ အဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံအတွင်း စီမံခန့်ခွဲခြင်း၊ မဲရုံအတွင်း မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် စောင့်ကြည့်လေ့လာသူများအား စနစ်တကျ နေရာချထားခြင်း၊ မဲရုံနှင့် မဲရုံပရိဝုဏ်အတွင်း အငြင်းပွားမှုများအား ဖြေရှင်းခြင်း၊ မဲရုံအလိုက်ဆန္ဒမဲများ တွက်ချက်ခြင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ခိုင်လုံမဲ သို့မဟုတ် ပယ်မဲသတ်မှတ်ခြင်း၊ မဲရုံ၏ ဆန္ဒမဲရလဒ်စာရင်းများ ပြုစုခြင်းနှင့် ဆန္ဒမဲရလဒ်စာရင်းများ ထုတ်ပြန်ခြင်းတို့သည် ရွေးကောက်ပွဲဥပဒေက မဲရုံမှူးသို့ အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဖြစ်ပါသည်။

မဲရုံမှူး၏ ကြီးကြပ်မှုဖြင့် ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များက သတ်မှတ်ထားသည့် တာဝန်များကို ထမ်းဆောင်ကြရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် မဲရုံများကို ကြီးကြပ်ကွပ်ကဲရန် သင့်လျော်သောဝန်ထမ်းများကို မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ဦးစားပေးအစီအစဉ်အတိုင်း ခန့်အပ်ရသည်။ မဲရုံအဖွဲ့ဝင်များအဖြစ် ဝန်ထမ်းများအပြင် ယင်းမဲရုံမဲစာရင်းတွင် ပါဝင်ပြီးဖြစ်သည့် အများပြည်သူယုံကြည်လေးစားခြင်းခံရသော မဲဆန္ဒရှင် သို့မဟုတ် ဒေသခံပြည်သူများဖြင့်လည်း သတ်မှတ်ဦးရေအတွင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်ဖြစ်ရာ ရွေးကောက်ပွဲတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ အခန်းကဏ္ဍသည်လည်း လွန်စွာအရေးကြီးလှပေသည်။

**ရွေးကောက်ပွဲတာဝန်ရှိသူတို့ လက်ကိုင်ပြုရမည့် အချက် ၆ ချက်**


ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲဝန်ထမ်းများနှင့် မဲရုံဝန်ထမ်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အရေးကြီးသည့် ရွေးကောက်ပွဲတာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်ပါသည်။ ဂုဏ်ယူမြတ်နိုးတန်ဖိုးထားရသည့် မွန်မြတ်သောတာဝန်ထမ်းဆောင်မှုဖြစ်ပြီး တာဝန်လည်းကြီးပါသည်။ ရွေးကောက်ပွဲကို တာဝန်ယူ ကြီးကြပ်ဆောင်ရွက်ရသူများအနေဖြင့် (၁) ဥပဒေနှင့် နည်းဥပဒေ၊ (၂) လုပ်ငန်းလမ်းညွှန်၊ (၃) အမိန့်နှင့် ညွှန်ကြားချက်၊ (၄) လုပ်ငန်းကျွမ်းကျင်မှု၊ (၅) သမာသမတ်ကျမှု၊ (၆) ကျင့်ဝတ်စောင့်ထိန်းမှု ဤအချက် ၆ ချက်ကို မယိမ်းမယိုင် လက်ကိုင်ပြု၍ သမာသမတ်ကျပြီး ဥပဒေနှင့်ညီညွတ်သော ရွေးကောက်ပွဲများအတွက် မှန်ကန်စွာ ရပ်တည် ဆောင်ရွက်ကြမည်ဖြစ်သည်။

**နိဂုံး**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြီးကြပ်မှုဖြင့် လွတ်လပ်မျှတပြီး အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းများဖြစ်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံအဖွဲ့များအနေဖြင့် ခိုင်မာသောဖွဲ့စည်းမှု၊ မွန်မြတ်သော တာဝန်၊ မှန်ကန်သော ရပ်တည်ချက်တို့ဖြင့် တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် ဦးဆောင်ပုဂ္ဂိုလ်များဖြစ်ကြသော အများယုံကြည်လေးစားခြင်းခံရသူ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ပညာရှင်ပီသသော ရပ်တည်မှု၊ ဌာနဆိုင်ရာအဖွဲ့ဝင်များ၏ တာဝန်ကျေပွန်မှု၊ ရွေးကောက်ပွဲအရာရှိ/အတွင်းရေးမှူးများ၏ စွမ်းဆောင်ရည်ပြည့်ဝမှုနှင့် ကော်မရှင်ဝန်ထမ်းများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းကျွမ်းကျင်မှုအခန်းကဏ္ဍ အရေးကြီးပုံကို နိုင်ငံ့ဝန်ထမ်း မဲဆန္ဒရှင်တစ်ဦးအနေဖြင့် ဂုဏ်ပြုတင်ပြအပ်ပါသည်။

*မဲဆန္ဒရှင်တစ်ဦး*

# ဝက်အသည်းအား လူ့ခန္ဓာကိုယ်တွင် အစားထိုးကုသမှု အောင်မြင်



ဓာတ်ပုံ - apnews.com

တရုတ်နိုင်ငံတွင် မျိုးရိုးဗီဇ အဆင့်မြှင့်တင်ထားသည့် ဝက်အသည်းကို အသက်ရှင်နေသည့် လူနာတစ်ယောက်တွင် အောင်မြင်စွာ အစားထိုးကုသမှုပေးလိုက်နိုင်ခဲ့ကြောင်း သိရသည်။

ယခုကုသမှုသည် ကမ္ဘာ့ပထမဆုံးသော တိရစ္ဆာန်၏ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းကို သက်ရှိလူသားတွင် အစားထိုးကုသနိုင်ခြင်းဖြစ်သည်။ ယခင်ကလည်း ယခုကဲ့သို့ ကုသခြင်းရှိခဲ့သော်လည်း သက်ရှိလူသားတွင် မဟုတ်ဘဲ ဦးနှောက်သေနေသည့် လူသားတွင် အစားထိုးခဲ့ခြင်းဖြစ်သည်။

ယခုအသည်းအစားထိုးမှု လက်ခံခဲ့သည့်လူနာသည် အသက် ၇၁ နှစ်ရှိပြီ ဖြစ်သည့် အသည်းရောဂါနောက်ဆုံးအဆင့် ခံစားနေရသူဖြစ်ပြီး ယခုကုသမှုခံယူပြီးနောက် ရက်ပေါင်း ၁၇၁ ရက် ရှင်သန်နေထိုင်သွားနိုင်ခဲ့သည်။ ယခုအောင်မြင်မှုသည် တိရစ္ဆာန်၏ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းသည် လူသားများ၏ ကိုယ်တွင်းဇီဝဖြစ်ပျက်မှုနှင့် လိုက်လျောညီထွေမှုရှိစွာလုပ်ဆောင်နိုင်ကြောင်း ပြသနိုင်ခဲ့ခြင်းဖြစ်ပြီး ဆေးပညာလောကတွင် မှတ်တိုင်တစ်ရပ် စိုက်ထူလိုက်နိုင်ခြင်းဖြစ်သည်။

*ကျော်ကျော်*

# အမေရိကန်နှင့် ဗင်နီဇွဲလား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတင်းမာလာမှု ကုလသမဂ္ဂစိုးရိမ်

အမေရိကန်နိုင်ငံနှင့် ဗင်နီဇွဲလား နိုင်ငံတို့ကြား ဆက်ဆံရေး ပိုမိုတင်းမာလာမှုနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မိကြောင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများက ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်သည် ဗင်နီဇွဲလား၏ ကမ်းရိုးတန်းတွင် မရိန်းတပ်ဖွဲ့များနှင့် စစ်သင်္ဘောများ ဖြန့်ကြက်ချထားပြီး မူးယစ်ဆေးဝါးကုန်ကူးသည်ဟု စွပ်စွဲခံရသော သင်္ဘောများကို တိုက်ခိုက်မှုများဆင်နွှဲခဲ့ကာ သင်္ဘောလေးစီးအထိ နစ်မြုပ်စေခဲ့ပြီး လူ ၂၁ ဦးထက်မနည်း သေဆုံးခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံ အပါအဝင် လက်တင်အမေရိကနိုင်ငံများမှ မူးယစ်မှောင်ခိုဂိုဏ်းများကို ဖြိုခွင်း၍ အမေရိကန်နိုင်ငံအတွင်းသို့ မူးယစ်ဆေးဝါးဝင်ရောက်မှုကို တားဆီးမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ



ဓာတ်ပုံ - mainichi.com

အစည်းအဝေးတွင် ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်ကြီး ဗာဆီလီနီဘန်ဇီယာက ဗင်နီဇွဲလားကမ်းလွန်၌ မူးယစ်ဆေးတင်ရေယာဉ်များအဖြစ် ယူဆရသော ရေယာဉ်များကို အမေရိကန်နိုင်ငံက စစ်ဆေးခြင်းမရှိဘဲ တိုက်ခိုက်နေမှုကို ဝေဖန်ခဲ့သည်။ အမေရိကန်အတွင်းသို့ဝင်ရောက်လာသော ကိုကင်း ၈၇ ရာခိုင်နှုန်းသည် ပစိဖိတ်သမုဒ္ဒရာမှတစ်ဆင့် ဝင်ရောက်လာခြင်းဖြစ်ပြီး ဗင်နီဇွဲလားသည် ထိုသမုဒ္ဒရာသို့ ဝင်ရောက်ခွင့်မရှိကြောင်း ရုရှားသံအမတ်ကြီးကဆိုသည်။ ထို့အပြင် ပြင်သစ်၊ ဂရိ၊ ဒိန်းမတ်နိုင်ငံအပါအဝင် အခြားလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများကလည်း နှစ်နိုင်ငံတင်းမာမှုများ လျှော့ချရေးအတွက် တွေ့ဆုံဆွေးနွေးရန် အမေရိကန်နိုင်ငံနှင့် ဗင်နီဇွဲလားနိုင်ငံတို့ကို တိုက်တွန်းထားကြောင်း သိရသည်။

*ကျော်တင့်(ရွှေခရမ်း)*

# ကျန်းမာရေးဝန်ဆောင်မှုပါသည့် ခရီးသွားလုပ်ငန်း မြှင့်တင်

အင်ဒိုနီးရှားနိုင်ငံ ဘာလီဒေသရှိ ဆနောအထူးစီးပွားရေးဇုန်တွင် ခရီးသွားလုပ်ငန်းကို ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းဖြင့် တွဲဖက်၍ မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆနော အထူးစီးပွားရေးဇုန်ကို ဖွင့်လှစ်ခြင်းဖြင့် နိုင်ငံခြားတွင် ဆေးကုသမှုခံယူမည့် နိုင်ငံသားများ အနေဖြင့် ပြည်တွင်း၌ နိုင်ငံတကာအဆင့်မီ ကျန်းမာရေးစောင့်ရှောက်မှုများကို ခံယူနိုင်ကြောင်း သမ္မတပရာဘိုဝိုဆူဘီရန်တိုက ပြောကြားသည်။


ဓာတ်ပုံ - reuters.com

မြေဧက ၄၁ ဒသမ ၂၆ ဟက်တာပေါ်တွင် တည်ဆောက်ထားသည့် အထူးစီးပွားရေးဇုန်တွင် နိုင်ငံတကာဆေးရုံများ၊ ကြယ်ငါးပွင့်ဟိုတယ်များ၊ ကာယစင်တာများနှင့် ယဉ်ကျေးမှုဆိုင်ရာနေရာများဖြင့် ဖွဲ့စည်းထားသည်။

၎င်းအထူးစီးပွားရေးဇုန်ရှိ ဘာလီနိုင်ငံတကာဆေးရုံတွင် နှလုံးရောဂါ၊ ကင်ဆာရောဂါ၊ အာရုံကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါနှင့် အရိုးအကြောရောဂါများကို ကုသနိုင်ပြီး ယခုအထူးစီးပွားရေးဇုန်သည် ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ ခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး ဝါဒီရန်ဒီပူထရီဝါဒါနာက ပြောကြားခဲ့ကြောင်းသိရသည်။

*ကျော်ကျော်*

# သက်တမ်းလွန်နေထိုင်မှုကို ထိန်းချုပ်ရန် ဒစ်ဂျစ်တယ် လူဝင်၊ လူထွက်စနစ် မိတ်ဆက်

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ဒစ်ဂျစ်တယ်လူဝင်၊ လူထွက်စနစ်ကို စတင်မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း သိရသည်။ ထိုစနစ်သည် ဥရောပသမဂ္ဂအဖွဲ့ဝင် မဟုတ်သည့်နိုင်ငံများမှ နိုင်ငံသားများ၏ ဝင်ရောက်မှုနှင့် ထွက်ခွာမှုတို့ကို မှတ်တမ်းတင်သည့်စနစ်ဖြစ်သည်။

Entry/Exit System (EES) ဟုခေါ်သည့်စနစ်သည် အလိုအလျောက် စနစ်တစ်ခုဖြစ်ပြီး ခရီးသွားများအနေဖြင့် ၎င်းတို့၏ပတ်စပို့ကို စကန်ဖတ်ခြင်း၊ လက်ဗွေနှိပ်ခြင်းနှင့် ဓာတ်ပုံအရိုက်ခံခြင်းတို့ဖြင့် ကိုယ်တိုင်မှတ်ပုံတင်နိုင်သည့် စနစ်ဖြစ်သည်။ ယင်းစနစ်ကို အသုံးပြုခြင်းသည် သက်တမ်းလွန်နေထိုင်သူများကို ဖော်ထုတ်နိုင်ရေး၊ လိမ်လည်မှုများကို သိရှိထိန်းချုပ်နိုင်ရေးနှင့် တရားမဝင်လူဝင်မှုများကို ကာကွယ်နိုင်ရေးတို့အတွက်ဖြစ်သည်။

လက်ရှိတွင် ပတ်စပို့စာအုပ်၌ တံဆိပ်တုံးထုပေးသည့်စနစ်ကိုသာ အသုံးပြုနေခြင်းဖြစ်သော်လည်း လာမည့်နှစ် ဧပြီလ ၁၀ ရက်တွင် ယခုစနစ်ဖြင့်အစားထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

*ကျော်တင့်(ရွှေခရမ်း)*



ဓာတ်ပုံ - xinhua.com

# ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံ ၃၀ စာရင်းဝင်ရန် ဗီယက်နမ် မျှော်မှန်း

ဗီယက်နမ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံ ၃၀ စာရင်းတွင် ပါဝင်လာနိုင်စေရေးအတွက် မျှော်မှန်းထားကြောင်းနှင့် ထိုမျှော်မှန်းချက်နှင့်အတူရှိရမည့် ဂျီဒီပီကိုလည်း သတ်မှတ်ထားပြီဖြစ်ကြောင်းသိရသည်။



ထို့ပြင် ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှဒေသရှိ နိုင်ငံများတွင် တတိယမြောက်စီးပွားရေး အင်အားကြီး နိုင်ငံအဖြစ် ရောက်ရှိစေရန် မျှော်မှန်းထားကြောင်း ဗီယက်နမ်ဝန်ကြီးချုပ်ကပြောသည်။ ၂၀၂၆-၂၀၃၀ ကာလအတွင်း နိုင်ငံ၏ ဂျီဒီပီကို နှစ်စဉ် ၁၀ ရာခိုင်နှုန်းနှင့်အထက် ရောက်ရှိရန် ရည်မှန်းထားကြောင်းနှင့် တန်ဖိုးမြင့်စက်မှုလုပ်ငန်း၊ ဆန်းသစ်တီထွင်မှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အမျိုးသားအဆင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၏ GDP သည် တစ်နှစ်ထက်တစ်နှစ် ၇ ဒသမ ၈၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ခိုင်မာသော ပို့ကုန်၊ ကုန်ထုတ်လုပ်မှုနှင့် ပြည်တွင်းစားသုံးမှုတို့ကြောင့် စီးပွားရေးအရှိန်အဟုန်ဖြင့် မြင့်တက်လာခဲ့သည်။ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ပြည်သူတစ်ဦးချင်း၏ အသားတင်ဝင်ငွေပမာဏသည် အမေရိကန်ဒေါ်လာ ၈၅၀၀ အထိ ရောက်ရှိမည်ဟုမျှော်လင့်ကြောင်း ဝန်ကြီးချုပ်ကပြောကြားခဲ့သည်။

ထို့အတူ ထိုင်းနိုင်ငံတွင်လည်း နိုင်ငံ၏ ကုန်ထုတ်လုပ်မှုမြှင့်တင်ရန်အတွက် ပြည်သူများအား ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ တစ်ဦးလျှင် ဘတ် ၂၄၀၀ သို့မဟုတ် ဒေါ်လာ ၇၄ နီးပါးထိ ငွေကြေးထောက်ပံ့ပေးမည့် အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

*ကျော်ကျော်*

# ဒို့ကျေးရွာဗေဒင်

## ၁၅-၁၁- ၂၀၂၅ မှ ၃၀-၁၁- ၂၀၂၅ အထိ

**ဝင်းမင်း (B.Sc)**



**တနင်္ဂနွေ။** အလုပ်အကိုင် အဆင်ပြေ၍ သင့်တင့်စွာ ကောင်းမွန်နေမည်။ ပုံမှန်ဝင်ငွေရနေသော်လည်း ရရန်ရှိသောငွေများ နှောင့်နှေးကြန့်ကြာနေတတ်သည်။ ကျန်းမာရေး ကောင်းမွန်နေတတ်သည်။ သို့သော် အသေးစားထိခိုက်အနာတရဖြစ်တတ်၍ သတိပြုပါ။ နာတာရှည်ရောဂါ ခံစားနေရတတ်သူမျိုးအတွက် အထူးသတိထားရမည့် ကာလဖြစ်သည်။ အချစ်ရေး အဆင်ပြေနေပါမည်။ အိမ်ထောင်ရေး အဆင်မပြေ မကြာခဏ စကားများနေရတတ်သည်။ ပညာရေး သင့်တင့်စွာ ကောင်းမွန်နေမည်။

*ယတြာ။ တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် အိမ်ရှိဘုရား၌ အုန်းထမင်းကို မြေပဲလှော်ဖြူး၍ ကပ်လှူပေးပါ။*




**တနင်္လာ။** လုပ်ငန်းတွင် အဆင်မပြေမှုများ ကြုံနေရတတ်သည်။ လက်အောက်ငယ်သား၊ အလုပ်သမားများကြောင့် ပြဿနာ ကြုံနေရတတ်သည်။ လက်အောက်ငယ်သားမှ ငွေကြေး အလွဲသုံးစားမှု ပြဿနာမျိုး ကြုံတတ်၍ သတိပြုပါ။ ကျန်းမာရေး သတိပြုပါ။ အချစ်ရေး ပြဿနာကြုံ၍ ချစ်သူနှင့် လမ်းခွဲရတတ်သည်။ အိမ်ထောင်ရေး အဆင်ပြေနေတတ် ပြီး ပျော်ရွှင်ရမည်။ ပညာရေး ကြိုးစားသလောက် အောင်မြင်မည်။

*ယတြာ။ တနင်္လာနေ့ မွန်းလွဲပြီးနောက် စေတီတစ်ဆူ၏ တနင်္လာထောင့်တွင် တံခွန်အဖြူရောင် နှစ်လက် လှူပေးပါ။*



**အင်္ဂါ။** အလုပ်၊ ငွေကြေး မတည်ငြိမ်မှုမျိုး ကြုံရတတ်သည်။ အားတင်းလုပ်ကိုင်နေရတတ်သော သဘောမျိုး ဖြစ်နေသည်။ အချစ်ရေး ကံခေနေတတ်သည်။ ချစ်သူဘက်က လမ်းခွဲသွားခြင်းမျိုး ကြုံရတတ်သည်။ အိမ်ထောင်ရေး အဆင်မပြေ၊ ယာယီခွဲနေရခြင်းမျိုးထိ ကြုံတတ်သည်။ ပညာရေး အခြေအနေတစ်ရပ်ကြောင့် ခေတ္တရပ်နားလိုက်ရခြင်းမျိုးထိ ကြုံရနိုင်သည်။

*ယတြာ။ ခေတ္တသာသနာ့ဘောင်ဝင်ခြင်း(သို့) ရက်တို ဘုရားဖူးခရီးထွက်ခြင်းမျိုး ပြုပေးပါ။*




**ဗုဒ္ဓဟူး။** အလုပ်၊ ငွေကြေး တည်ငြိမ်ကောင်းမွန်နေမည်။ အလုပ်နေရာပြောင်းရန် အကြောင်းပေါ်လာတတ်သည်။ ငွေကြေးကံ သင့်တင့်စွာ တိုးတက်မည်။ ကျန်းမာရေး ကောင်းမွန်နေမည်။ အချစ်ရေး အဆင်ပြေနေမည်။ အိမ်ထောင်ရေး သာယာပျော်ရွှင်ရမည်။ ပညာရေးကံ ကောင်းမွန်နေမည်။ နိုင်ငံခြားပညာသင်ရန် အခွင့်ကောင်း ကြုံလာတတ်သည်။

*ယတြာ။ ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် အိမ်ရှိ ဘုရား၌ ရေသန့်အေးအေး လေးခွက် ကပ်လှူပေးပါ။*



**ကြာသပတေး။** အလုပ်အဆင်မပြေ မတည်ငြိမ် ဖြစ်နေတတ်သည်။ ခေတ္တယာယီသဘောသာဖြစ်မည်။ ငွေကြေးအကျပ်အတည်း အနည်းငယ် ကြုံရတတ်သည်။ ကျန်းမာရေး အညံ့ရှိ၍ သတိပြုပါ။ အိမ်ထောင်ရေးတွင် အလုပ်ကြောင့် ခွဲနေရခြင်းမျိုး ကြုံရနိုင်သည်။ ပညာရေးကံမြင့်၍ အောင်မြင်တတ်ပါသည်။

*ယတြာ။ ကြာသပတေးနေ့ နံနက်ပိုင်းတွင် စေတီတစ်ဆူ၏ ကြာသပတေးထောင့်၌ စပယ်ပန်း ငါးကုံး ကပ်လှူပေးပါ။*



**သောကြာ။** လုပ်ငန်း သင့်တင့်စွာ အောင်မြင်နေတတ်ပြီး တိုးတက်မှုအချို့ ကြုံမည်။ ငွေကြေးကံ ကောင်းမွန်နေမည်။ ကျန်းမာရေး ဝမ်းခေါင်းတွင်းရောဂါ၊ အစာအိမ်လမ်းကြောင်းဆိုင်ရာ သတိပြုပါ။ အိမ်ထောင်ရေး အဆင်ပြေသာယာနေမည်။ မိသားစု အပန်းဖြေခရီးထွက်ရန် ကြုံရတတ်သည်။

*ယတြာ။ သောကြာနေ့ မွန်းလွဲပိုင်းတွင် ဘုရားရှိ သောကြာထောင့်၌ ရေသက်စေ့ပူဇော် သပ္ပာယ်ပေးပါ။*



**စနေ။** အလုပ်၊ ငွေကြေး အဖက်ဖက်မှ အောင်မြင်တိုးတက်နေမည်။ ကျန်းမာရေး ကောင်းမွန်နေမည်။ အချစ်ရေး အဆင်ပြေနေမည်။ အချစ်ရေး စန်းပွင့်နေမည်။ အိမ်ထောင်ရေး ပုံမှန်အခြေအနေတွင် ရှိမည်။ ပညာရေး ကံပွင့်၍ အဆင့်မြင့်ပညာတစ်ရပ်သင်ရန် အခွင့်ကောင်း ကြုံလာတတ်သည်။

*ယတြာ။ စေတီတစ်ဆူ၏ စနေထောင့်တွင် မွေးနေ့နံနက်ပိုင်း၌ ပိတောက် ၁၀ ညွန့် လှူပေးပါ။*

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များ သိမ်းဆည်းရမိ

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မြဝတီမြို့ ၅ ရပ်ကွက် သောင်ရင်းမြစ်ကမ်းဘေးအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၀၂၄,၀၀၀ ကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ရတနာပုံ တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၄၀,၆၁၆,၀၀၀) ကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၄၁၈ တန်၊ သစ်မာ ၁ ဒသမ ၇၆၄ တန်၊ အခြားသစ် ၂၀ ဒသမ ၀၂၈ တန် (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈,၆၄၁,၈၆၀) ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိကြောင်း သိရသည်။

*ကိုအောင်*

# လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပေးနှိုးဆော်

**လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် အောက်ပါတို့ကို သတိပြု**

ဓာတ်အားလိုင်းကြိုးများ ပြတ်ကျခြင်း၊ လျော့ကျနေခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်များ၊ သစ်ကိုင်းများ လဲကျကျိုးကျနေခြင်း၊ ဆားဗစ်ကြိုးများ လျော့ကျခြင်း၊ ပြတ်ကျခြင်းများဖြစ်ပါက ကိုင်တွယ်ခြင်းမပြုရ၊ လျှပ်စစ်ရုံးသို့ အကြောင်းကြားပါ။ လုပ်ငန်းဆောင်ရွက်ရာတွင် ကောင်းကင်ဓာတ်အားလိုင်းကြိုးများ သတိပြုပါ။ ဓာတ်အားလိုင်းတိုင်ပေါ်သို့ တက်ရောက်ဆော့ကစားခြင်းမပြုရ၊ တာဝန်မရှိဘဲ ဓာတ်တိုင်ပေါ်သို့ မတက်ရောက်ရ။

**လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အောက်ပါအချက်များ သတိထားဆောင်ရွက်ရန်**

အိမ်သုံးလျှပ်စစ်ပစ္စည်းများအား ရေစိုလက်၊ ရေစိုနေသော ခန္ဓာကိုယ်၊ ရေစိုအဝတ်အစားဝတ်လျက် ကိုင်တွယ်ခြင်းမပြုရ။ တမံတလင်း၊ မြေပြင်ပေါ်၌ ခြောက်သွေ့သော ဖိနပ်စီးထားခြင်းမရှိဘဲ ကိုင်တွယ်အသုံးမပြုရ။ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကို ကလေးငယ်များ လက်လှမ်းမမီသောနေရာတွင် တပ်ဆင်အသုံးပြုရန်။ နေအိမ်ရှိ လျှပ်စစ်ပစ္စည်းများအား တစ်ပြိုင်နက်အသုံးပြုခြင်းမှ ရှောင်ရှားရန်။ ဓာတ်အားလိုင်းအနီး ဓာတ်အားလိုင်းပေါ်ရှိ သစ်ပင်၊ သစ်ကိုင်းများ ခုတ်လှဲခြင်းကို လျှပ်စစ်ဌာန၏ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းများဆောင်ရွက်ခြင်းမပြုရ။ ဓာတ်လိုက်မှုအန္တရာယ်ရှိနိုင်သဖြင့် နေအိမ်၊ ဝင်းခြံစည်းရိုး၊ သံပန်း၊ သံတံခါး၊ သံဆန်ခါများတွင် မီးကြိုးများ သွယ်တန်းချည်နှောင်ထားခြင်းမပြုရ။ ပျက်စီးနေသော မီးပလပ်၊ ဆော့ကက်များကို မသုံးရ။ ဓာတ်လိုက်နေသူအား လက်ဖြင့်မဆွဲရ။ ဓာတ်မလိုက်နိုင်သော ပစ္စည်းတစ်ခုခုဖြင့် တွန်းထုတ်ခြင်း၊ ဖယ်ရှားခြင်းဆောင်ရွက်ရမည်။ (ဥပမာ- ခြောက်သွေ့သော သစ်သားချောင်း၊ ဝါးလုံး)၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ဓာတ်အားလိုင်းကြိုးများအောက်နှင့် ဓာတ်အားလိုင်းအနီးတွင် ဆောက်လုပ်ခြင်းမပြုရ။

*လျှပ်စစ်စွမ်းအားဝန်ကြီးဌာန*

# မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

## ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ပထမ ၁၅ ရက်အတွက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၃ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

*မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန*




## စပါးခင်းတွင် သတိပြုသင့်သည့် ဖြုတ်ပိုးအန္တရာယ်

မြန်မာနိုင်ငံတွင် အဓိကကျရောက်လေ့ရှိသည့် စပါးဖြုတ်ပိုးအမျိုးအစား သုံးမျိုးရှိပြီး ယခုကာလ သတိပြုသင့်သည့် စပါးခင်းကို အဓိကဖျက်ဆီးတတ်သော ဖြုတ်ပိုးမှာ ဖြုတ်ညိုနှင့် ဖြုတ်ကျောဖြူတို့ ဖြစ်ကြပါသည်။

### *ကျရောက်သည့်အချိန်*

ဖြုတ်ညိုပိုးသည် အပူချိန် (၂၇-၃၂) ဒီဂရီစင်တီဂရိတ်ကြား၊ စိုထိုင်းဆ ၇၀ ရာခိုင်နှုန်းနှင့် အထက်ရှိသည့် မိုးဆက်တိုက်ရွာသွန်းသော သို့မဟုတ် မိုးအုံ့ဆိုင်းသော ကာလများတွင် များသောအားဖြင့် ကျရောက် ဖျက်ဆီးတတ်ပါသည်။ အပင်ဦးရေကျပ်ခြင်း၊ လေဝင်လေထွက်နည်းခြင်း၊ နိုက်ထရိုဂျင်မြေဩဇာလွန်ကဲခြင်း၊ စိုက်ခင်းအတွင်း ရေအမြဲရှိနေခြင်း စသည့် အခြေအနေများသည် ဖြုတ်ညိုပိုး ကျရောက်မှုကို အားပေးသော အခြေအနေများ ဖြစ်ကြပါသည်။

### *ဖျက်ဆီးပုံလက္ခဏာများ*

စပါးဖြုတ်ညိုပိုးသည် စပါးပင်၏ ပင်ရည်ကို စုပ်ယူစားပြီး စပါးရွက်များ ခြောက်သွေ့၍ မီးလောင်ထားသကဲ့သို့ ဖြုတ်လောင်လက္ခဏာ (Hopper Burn) ကို ဖြစ်ပေါ်စေပြီး မြက်တူပင်တူရောဂါနှင့် စုတ်ပြတ်လိမ်တွန့်ဗိုင်းရပ်စ်ရောဂါများကို ကူးစက်စေပါသည်။ ဖြုတ်ကျောဖြူသည်လည်း ပင်ရည်ကို စုပ်ယူစားပြီး စပါးရွက်များ ခြောက်သွေ့၍ မီးလောင်ထားသကဲ့သို့ ဖြုတ်လောင်လက္ခဏာ (Hopper Burn) ကို ဖြစ်ပေါ်စေပြီး စပါးအနက်စင်း ပင်ပုဗိုင်းရပ်စ်ရောဂါကို ကူးစက်စေပါသည်။

### *ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ*

ဖြုတ်ပိုးကျရောက်သော ဒေသများတွင် သက်လျင်(သက်တမ်းတို) စပါးမျိုးကို စိုက်ပျိုးပါ။ မျိုးစေ့နှုန်းထားလျှော့၍ အပင်ဦးရေ ကျဲကျဲစိုက်ပါ။ နိုက်ထရိုဂျင်မြေဩဇာကို စပါးပင်အဓိကလိုအပ်ချိန်များတွင် အလီလီခွဲ၍ကျွေးပါ။ ဖြုတ်ပိုးကျရောက်ပါက မဖြစ်မနေ ရေထုတ်ပေးပါ။ ဖြုတ်ပိုးကျရောက်ရန် အားပေးသော ရာသီဥတုအခြေအနေရှိပါက စိုက်ခင်းကြိုတင်ရေထုတ်ပြီး လေကြောင်းခွဲပေးပါ။ လက်ခံပင်ပေါင်းမြက်များဖြစ်သည့် မြက်မုန်ညင်း၊ ဝမ်းဘဲစာများကို ဖယ်ရှားပါ။ မီးထောင်ချောက်အသုံးပြုပါ။ ပိုတက်ရှ်မြေဩဇာကို မဖြစ်မနေသုံးစွဲပေးပါ။

*ကိုးကား* - အစိမ်းရောင်လမ်း




## တဖြုတ်ဖြုတ် (Pymetrozine 50% + Nitenpyram 20% WDG)

**ထိသေ၊ စားသေနှင့် ပင်လုံးပြန့်အာနိသင်ရှိ ရေဖျော်ပိုးသတ်ဆေးခဲ**

**အသုံးပြုရန်နှုန်းထား**

စပါး - တစ်ဧကလျှင် (၅၀-၁၀၀) ဂရမ်နှုန်းဖြင့် အသုံးပြုနိုင်ပါသည်။

**သတိပြုရမည့်အချက်များ**

- တစ်ရာသီဆေးဖျန်းကြိမ်ရေ (၃)ကြိမ်။
- ဆေးဖျန်းခြားရက် (၇)ရက်။
- ဆေးဖျန်းပြီးနောက် စိုက်ခင်းအတွင်း ပြန်လည်ဝင်ရောက်နိုင်သောကာလ (၂၄)နာရီ။
- တစ်ဧကလျှင် (၂၀)လီတာဝင် ဆေးဖျန်းပုံး ခြောက်ပုံးနှုန်းဖြင့် တွက်ချက်ထားပါသည်။

# အစ္စရေးနှင့် ပါလက်စတိုင်း ပဋိပက္ခသည် အရှည်ကြာဆုံးနှင့် အရှုပ်ထွေးဆုံးသော ပထဝီနိုင်ငံရေး ပြဿနာအဖြစ် ဆက်လက်တည်ရှိနေ

အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ပဋိပက္ခသည် ခေတ်ပြိုင်ကာလ၏ အရှည်ကြာဆုံးနှင့် အရှုပ်ထွေးဆုံးသော ပထဝီနိုင်ငံရေးပြဿနာအဖြစ် ဆက်လက်တည်ရှိပြီး ၁၉၄၈ ခုနှစ်တွင် အစ္စရေးနိုင်ငံ တည်ထောင်ခဲ့ချိန်မှစ၍ ပါလက်စတိုင်းများ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရခြင်းနှင့် နယ်မြေများ သိမ်းပိုက်ခံရခြင်းတို့၏ သမိုင်းကြောင်းပေါ်တွင် အခြေခံထားသည်။



ဓာတ်ပုံ – reuters.com

ဂါဇာကမ်းမြောင်နှင့် အနောက်ဘက်ကမ်းခြေရှိ ပါလက်စတိုင်း လူ့အဖွဲ့အစည်းများသည် အစ္စရေး၏ စစ်ရေးအရ သိမ်းပိုက်မှုနှင့် ကန့်သတ်ချက်များကြောင့် မြင့်မားသော အလုပ်လက်မဲ့နှုန်း၊ ဆင်းရဲနွမ်းပါးမှုနှင့် စားနပ်ရိက္ခာမလုံလောက်မှုတို့ကို ခံစားနေရသည်။ ပဋိပက္ခသည် ဒေသတွင်း တင်းမာမှုများ၊ အစွန်းရောက်ဝါဒနှင့် ပိုမိုကျယ်ပြန့်သော ပထဝီနိုင်ငံရေးဆိုင်ရာ ပြိုင်ဆိုင်မှုများကိုပါ ပိုမိုအားကောင်းစေခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ မူဝါဒပန်းတိုင်မှာ နိုင်ငံနှစ်ခုအဖြေ (Two-State solution) ဖြင့် ဖြေရှင်းရန် ဖြစ်သော်လည်း ပဋိပက္ခမှာ ရှုပ်ထွေးနေဆဲဖြစ်သည်။ သမ္မတဒေါ်နယ်ထရမ့်၏ အမေရိကန်သံရုံးကို တဲလ်အဗစ်မှ ဂျေရုဆလင်သို့ ပြောင်းရွှေ့ခြင်းနှင့် ဂျေရုဆလင်ကို အစ္စရေး၏ မြို့တော်အဖြစ် တရားဝင် အသိအမှတ်ပြုခြင်းသည် နိုင်ငံတကာ၏ ကန့်ကွက်မှုများနှင့်အတူ အမေရိကန်၏ နှစ်ပေါင်း ၇၀ နီးပါးကြာ ပြည်ပရေးရာမူဝါဒကို ပြောင်းလဲစေခဲ့သည်။

အစ္စရေး-ဟားမတ်စ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်၏ အနာဂတ်အလားအလာသည် အလွန်ရှုပ်ထွေးသည်။ အမေရိကန်၏ အစီအစဉ်တွင် ဟားမတ်စ်ကို လက်နက်ဖြုတ်သိမ်းရန်နှင့် အာဏာစွန့်လွှတ်ရန် တောင်းဆိုထားသည်။

ဟားမတ်စ်က လက်နက်ချရန် ငြင်းဆန်ခြင်း၊ ဝန်ကြီးချုပ် နက်တန်ယာဟုက ဟားမတ်စ် လုံးဝလက်နက်မချမချင်း ဂါဇာမှ အပြီးအပိုင် ဆုတ်ခွာမည်မဟုတ်ကြောင်း ပြောကြားထားခြင်းတို့ကြောင့် အပစ်အခတ်ရပ်စဲရေး၏ ရေရှည်တည်တံ့မှုမှာ ခြိမ်းခြောက်ခံနေရသည်။

ဟားမတ်စ်၏ လက်နက်ဖြုတ်သိမ်းရေး၊ ဂါဇာ၏ အုပ်ချုပ်ရေးပုံစံနှင့် အစ္စရေးတပ်ဖွဲ့များ ဆုတ်ခွာရေးစသည့် အဓိက အတားအဆီးများကို ဖြေရှင်းနိုင်မှသာ ပဋိပက္ခသံသရာမှ လွတ်မြောက်နိုင်မည် ဖြစ်သည်။

*ကိုဘုန်း*

# ၂၀၂၅ ခုနှစ်အတွက် ဘာသာရပ်အလိုက် နိုဘယ်ဆုများချီးမြှင့်




ဓာတ်ပုံ – cnn.com

၂၀၂၅ ခုနှစ်အတွက် ဘာသာရပ်အလိုက် နိုဘယ်ဆုများအား တော်ဝင်ဆွီဒင်အကယ်ဒမီမှ ထုတ်ပြန်လျက်ရှိကြောင်း သိရသည်။

ဆန်းသစ်တီထွင်မှုဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရှင်းပြနိုင်ခဲ့သည့် နယ်သာလန်နိုင်ငံသား ဂျိုဝယ်မော့ခါ၊ ပြင်သစ်နိုင်ငံသား ဖီးလစ်အက်ဟီယွန်နှင့် ကနေဒါနိုင်ငံသား ပီတာဟိုးဝစ်တို့ကို ၂၀၂၅ ခုနှစ် စီးပွားရေးသိပ္ပံဆိုင်ရာ နိုဘယ်ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

၎င်းတို့သုံးဦးသည် စီးပွားရေးနှင့် ပတ်သက်၍ မတူညီမှုများကို နှိုင်းယှဉ်ပြသနိုင်သည်သာမက လိုက်ဖက်သော နည်းလမ်းများကို ဖော်ထုတ်နိုင်ခြင်းဖြစ်ကြောင်း နိုဘယ်ဆုရွေးချယ်ရေးအဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ ပါမောက္ခ ကီတာဂါဝါ၊ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းတက္ကသိုလ်မှ ပါမောက္ခ ရော်ဘဆင်နှင့် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ပါမောက္ခယာ့ဂီတို့သည် သတ္တု-အော်ဂဲနစ်များ ဖွံ့ဖြိုးစေရန် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ၂၀၂၅ ခုနှစ် ဓာတုဗေဒနိုဘယ်ဆုကို ပူးတွဲ ရရှိခဲ့သည်။

၎င်းတို့၏ ရှာဖွေတွေ့ရှိခဲ့မှုကြောင့် သဲကန္တာရအတွင်းရှိ လေထဲမှရေကို စုဆောင်းနိုင်ခြင်း၊ ကမ္ဘာကြီးပူနွေးလာမှုကို ဖြစ်ပွားစေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ကို သိမ်းဆည်းနိုင်ခြင်းအပြင် အဆိပ်သင့်ဓာတ်ငွေ့များကို သိုလှောင်ရန် သို့မဟုတ် ဓာတုဗေဒတုံ့ပြန်မှုများကို ဓာတ်ကူပေးရန် အထောက်အကူဖြစ်စေသည်။

၂၀၂၅ ခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ဗင်နီဇွဲလားနိုင်ငံ အတိုက်အခံခေါင်းဆောင် မာရီယာကော်ရီနာ မချာဒိုက ရရှိခဲ့သည်။ မချာဒိုသည် ဗင်နီဇွဲလားနိုင်ငံသားများအတွက် ဒီမိုကရေစီအခွင့်အရေးများ ရရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်ကြောင့် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ချီးမြှင့်ခြင်းဖြစ်ကြောင်း နိုဘယ်ဆုရွေးချယ်ရေးကော်မတီက ပြောကြားသည်။

ထို့အပြင် ဟန်ဂေရီစာရေးဆရာ လက်စ်ဇလိုခရက်စ်ဇနာဟော်ကိုင်အား ၂၀၂၅ စာပေဆိုင်ရာ နိုဘယ်ဆုချီးမြှင့်ခဲ့ပြီး ၎င်းသည် နိုဘယ်ဆုချီးမြှင့်ခံရသည့် ဒုတိယမြောက် ဟန်ဂေရီစာရေးဆရာဖြစ်လာခဲ့သည်။ ခရက်စ်ဇနာဟော်ကိုင်အား ကမ္ဘာပျက်သည့်အလား ကြောက်စရာကောင်းသည့် အခြေအနေတွင် စိတ်ဝင်စားဖွယ်ကောင်းပြီး စိတ်ကူးဉာဏ်ကွန့်မြူးနိုင်သည့် အနုပညာမြောက်လက်ရာ ဖန်တီးနိုင်ခဲ့သည့်အတွက် ဆုချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*ကျော်တင့်(ရွှေခရမ်း)*

# အာရုံကြောဆိုင်ရာ ရောဂါများကြောင့် နှစ်စဉ် လူဦးရေ ၁၁ သန်းနီးပါး သေဆုံးနေ

အာရုံကြောဆိုင်ရာအခြေအနေများသည် ကမ္ဘာ့လူဦးရေ ၄၀ ရာခိုင်နှုန်းကျော် သို့မဟုတ် လူဦးရေ၏ ၃ ဘီလီယံအပေါ် သက်ရောက်နေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

အာရုံကြောဆိုင်ရာချို့ယွင်းမှုများ တိုးပွားလာခြင်းကြောင့် နှစ်စဉ် ကမ္ဘာတစ်ဝန်းရှိ လူပေါင်း ၁၁ သန်းနီးပါး သေဆုံးနေရသည်ဟု သိရသည်။ ၂၀၂၁ ခုနှစ်အထိ လူသေဆုံးခြင်းနှင့် မသန်စွမ်းမှုကိုဖြစ်စေသည့် အာရုံကြောဆိုင်ရာအခြေအနေရောဂါများမှာ လေဖြတ်ခြင်း၊ မွေးကင်းစကလေးဦးနှောက်ရောင်ရောဂါ၊ ခေါင်းတစ်ခြမ်းကိုက်ရောဂါ၊ အယ်ဇိုင်းမားရောဂါနှင့် အခြားသော စိတ်ကျရောဂါများ၊ ဆီးချိုကြောင့်ဖြစ်သည့် အာရုံကြောရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ဝက်ရူးပြန်ရောဂါ၊ လမစေ့ဘဲမွေးဖွားခြင်းနှင့် အာရုံကြောဆိုင်ရာ နောက်ဆက်တွဲပြဿနာများနှင့် အာရုံကြောစနစ်ကင်ဆာရောဂါများဖြစ်သည်။

ဝင်ငွေနည်းနိုင်ငံများတွင် အာရုံကြောရောဂါ အထူးကုဆရာဝန်အရေအတွက်သည် ဝင်ငွေမြင့်နိုင်ငံများထက် အဆ ၈၀ ကျော် ပို၍နည်းပါးလျက်ရှိသည်။ ထို့ပြင် ဝင်ငွေနည်းနှင့် အလယ်အလတ်ရှိသောနိုင်ငံများတွင် နိုင်ငံတော်အဆင့် ကျန်းမာရေးစီမံချက်များ၊ ဘဏ္ဍာရေးနှင့် ဝန်ထမ်းအင်အားလုံလောက်စွာ မရှိကြောင်း WHO ကဆိုသည်။

*ကျော်ကျော်*



ဓာတ်ပုံ – ie.com

